# လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု
# သိကောင်းစရာများ



အမှာစာ

ကျေးဇူးတင်လွှာ

## အခန်း(၁)

၁။ ကာယိကဓြေ အဓိပ္ပာယ်ဖွင့်ဆိုချက်။
၂။ ကာယိကဓြေထိခိုက်စေခြင်းဆိုသည်မှာ အဘယ်နည်း။
၃။ ကာယိကဓြေထိခိုက်လာစေရန် ဖြစ်ပေါ်လာသည့်အခြေခံအကြောင်းရင်း။

## အခန်း(၂)

၄။ အတွေ့အကြုံပုံကျယ်ခြင်းဆိုင်ရာအပိုင်း။
(က) ကိလေသာစိတ်ဖြင့်ကြည့်သောကြောင့် အမျိုးသမီးများအား ကာယိကဓြေ ထိခိုက်စေခြင်း။
(ခ) အသံအားဖြင့် မိမိ၏ ကာယိကဓြေကို ထိခိုက်စေခြင်း။
(ဂ) မိမိ၏ ရုပ်ရည်သွင်ပြင်အား မှတ်ချက်ပေးခံရသောအခါ
(ဃ) မိမိ၏ ခွင့်ပြုချက်မရဘဲ မိမိအားထိတို့ခြင်း၊ သို့မဟုတ် ကိုင်တွယ်ခြင်း တနုံတရာဖြင့် ထိခြင်း။
(င) မိမိ၏ ခန္ဓာကိုယ်နှင့်ပတ်သက်၍ ဟာသသဖွယ် သဘောထား၍ ဟားတိုက်ရယ်မောခြင်း။
(စ) လိင်ဆက်ဆံရန်အတွက် ကြိုးစားခံရခြင်း
(ဆ) တယ်လီဖုန်းဖြင့် မဖွယ်မရာစကားများပြောဆိုခြင်း၊ မိမိစိတ်အား အနှောင့်အယှက်ပေးခြင်း။
(ဇ) တမင်တကာကြံစည်၍ မိမိတို့အား မြင်စေသောနေရာတွင် အမျိုးသားများ လိင်စိတ်ဖြေနေသည်ကို ပြသခြင်း။
(ဈ) အမျိုးသမီးများအား မြင်စေရန် ရည်ရွယ်၍ မသင့်လျော်သောပုံများကိုပြသခြင်း၊ ချိတ်ဆွဲထားခြင်း။
(ည) မြန်မာ့ယဉ်ကျေးမှုဟုဆို၍ ကာယိကဓြေထိခိုက်စေခြင်း။

## အခန်း(၃)

၅။ ဥပဒေပိုင်းဆိုင်ရာနှင့် ကာယိန္ဒြေထိခိုက်စေခြင်း အကြောင်းရင်းအကျဉ်း။

၆။ ဥပဒေနှင့်ပတ်သက်သည့် ဆွေးနွေးမှုများ

၇။ မြန်မာနိုင်ငံ၏ ဥပဒေ

၈။ အမျိုးသမီး၏ ကာယိန္ဒြေကိုပျက်စီးစေခြင်း

၉။ ကာယိန္ဒြေထိခိုက်စေသည့် အကြောင်းအရင်းများအား သင်ကိုယ်တိုင် မှတ်တမ်းတင်နိုင်သည့်လမ်းညွှန်။

၁၀။ ကာယိန္ဒြေထိခိုက်စေရန် လုပ်ဆောင်မှုများကြုံလာသောအခါ ပြန်လည်တုံ့ပြန်ခဲ့သည့် အမျိုးသမီးများ၏ အသံ

၁၁။ ကာယိန္ဒြေနှင့်ပတ်သက်၍ မြန်မာ့အမျိုးသမီးသမဂ္ဂမှ အဆိုပြုတင်ပြချက်။

## နောက်ဆက်တွဲ အခန်း(၄) ဘာသာပြန်အခန်းကဏ္ဍ

၁။ ကာယိန္ဒြေထိခိုက်စေခြင်းနှင့် ပတ်သက်၍ အခြားနိုင်ငံမှ အမျိုးသမီးများ၏ အတွေ့အကြုံများ။

၂။ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက် ၁၉၆၄ ပြည်သူ့ရပိုင်ခွင့်အက်ဥပဒေတွင် ...

၃။ ဥပဒေအရ အသိမှတ်ပြုလက်ခံထားသည့် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု ပုံစံ ၂ မျိုး။

၄။ အလုပ်သမားများ၏ ပြုမူဆောင်ရွက်မှုအတွက် အာမခံချက်ပေးထားသည့်အချက်များ။

၅။ သတင်းအချက်အလက်များရရှိနိုင်သည့်လမ်းညွှန်။

## မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အမှာစကား

အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုဆိုသည်မှာ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၊ မည်သည့်လူ့အဖွဲ့စည်းတွင်မဆို ရှိနေသော ပြဿနာတရပ်ဖြစ်သည်။ ဤစာအုပ်ပါ အချက်အလက်များသည် မြန်မာနိုင်ငံမှ အမျိုးသမီးများ ယနေ့ရင်ဆိုင်နေရသည့် ပြဿနာများအနက်တခုကိုမီးမောင်းထိုး၍ တင်ပြခြင်းသာဖြစ်သည်။

မိမိတို့လူ့ယဉ်ကျေးမှု ပတ်ဝန်းကျင်တွင် အမျိုးသမီးများအပေါ် စော်ကားနှောင့်ယှက်သည့် အဖြစ်ပျက်များသည် လူအများရှေ့မှောက်သို့ ထင်သာမြင်သာ ရောက်ရှိမလာဘဲ တိုးတိုးတိတ်တိတ်နှင့် ပျောက်ကွယ်သွားတတ်ကြသည်။ မုဒိမ်းကျင့်ခြင်းကဲ့သို့ အင်မတန်ကြီးကျယ်သည့် ဖြစ်မှုများသည်ပင် လူထု တရားစင်မြင့်ရှေ့သို့ ရောက်လာခြင်းများ အလွန်နည်းပါးသည်။ ထို့ကြောင့် 'မုဒိမ်းမှု' မဟုတ်သော နေ့တဓူဝရင်ဆိုင်ကြုံတွေ့နေရသည့် 'လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်း' ဆိုသည်မှာလည်း ဖြစ်ရိုးဖြစ်စဉ်၊ ဖြစ်ကောင်းသော ကိစ္စရပ်တခုသဖွယ် ဆက်လက်ဖြစ်ပွားလျက်ရှိပြီး အလေးနက်ထားရန်လိုအပ်သော ပြဿနာကြီးတရပ်အဖြစ် လူ့အဖွဲ့အစည်း၏ ရှေ့တန်းတင်ခြင်းကို မခံရသေးပေ။ တဘက်တွင်လည်း ဤအဖြစ်ပျက်များကို ပေါ့လိုလို၊ ထုံးတမ်းလိုလိုနှင့် ဆက်လက်ထိန်းသိမ်းနေကြသကဲ့သို့ဖြစ်နေပေသည်။

အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းနှင့်ပတ်သက်၍ ဥပဒေများ ပြဋ္ဌာန်းထားသော်လည်း လက်တွေ့ကျင့်သုံးမှု အသက်ဝင်ရန် အရေးကြီးနေပေသည်။ အမှန်တွင်မူ လူအများမှ အလွယ်တကူပြုလုပ်ပြောဆိုနေကြသော လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းကိစ္စသည် ကြုံတွေ့နေရသည့် အမျိုးသမီးများအတွက် ကြီးမားသော စိတ်အနှောင့်အယှက်ကိုဖြစ်ပေါ်စေပြီး ကိုယ်ရည်ကိုယ်သွေးထိခိုက်ခြင်း၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းပါးခြင်း၊ စိတ်ဖိစီးခြင်း စသည့်ဆိုးကျိုးများကို ရရှိစေပါသည်။ ထိုအခြေနေများကို ဖော်ထုတ်တင်ပြခြင်း၊ ဖြေရှင်းရန် အားထုတ်ခြင်းများ မပြုလုပ်ပါက စံချိန်စံနှုန်းကျသော လူ့အဖွဲ့အစည်းတရပ် ဖြစ်ထွန်းတည်မြဲရေးကို အားပေးစေသည်ဟု မြန်မာ့အမျိုးသမီးသမဂ္ဂမှ လေးနက်စွာ ယုံကြည်ပါသည်။

မိမိတို့သည် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စံအဘကာရှင်ခနစ်ကျဆုံးရမည်ဟု ယုံကြည်ဆောင်ရွက်နေကြသူများဖြစ်သည့်အလျောက်

ခံချိန်ခံနှုန်း ပြည့်ဝသော အနာဂတ် လူ့အဖွဲ့အစည်းအတွက် အဟန့်အတား ဖြစ်စေသည့် အရာမှန်သမျှကို ဖော်ထုတ်ဖြေရှင်းနိုင်ရန် ကြိုးပမ်းအားထုတ် သွားကြမည်ဟုလည်း အခိုင်အမာခံယူနေပါသဖြင့် လူ့အဖွဲ့အစည်းကို ပြောင်း လဲတိုးတက်စေချင်သူများအားလုံးအတွက် ဤစာအုပ်ကို ပြုစုထုတ်ဝေလိုက် ခြင်းဖြစ်ပါသည်။

ဗဟိုအလုပ်မှုဆောင်အဖွဲ့

မြန်မာ့အမျိုးသမီးသမဂ္ဂ

# ကျေးဇူးတင်လွှာ။

ဤစာအုပ်ဖြစ်မြောက်ရေးနှင့်ပတ်သက်၍ မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ခဲ့သူအမျိုးသမီးများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ မိမိတို့တွေ့ကြုံခံစားနေရသော အဖြစ်ပျက်များကို ယခုကဲ့သို့ ပြန်လည် ဝေမျှပြောဆိုခြင်းမပြုပါက အချက်အလက်များ စုဆောင်းရာတွင် အခက်အခဲများစွာ တွေ့ကြုံရမည်ဖြစ်ပြီး ယခုကဲ့သို့ လူအများသိရှိလေ့လာနိုင်ရန် ပြန်လည်တင်ပြခြင်း ပြုလုပ်နိုင်မည်မဟုတ်ပါ။

တွေ့ဆုံမေးမြန်းခြင်းကို လက်ခံခဲ့သူ အမျိုးသားအချို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်လိုပါသည်။ မိမိတို့မည်သို့မည်ပုံမည်သည့် အကြောင်းကြောင့် ပြုလုပ်ကြခြင်းဖြစ်သည်ကို ပြန်လည်ပြောဆိုကြခြင်းအားဖြင့် အားလုံးအတွက် စဉ်းစားစရာများ ဖြစ်ပေါ်လာစေပါသည်။ ထိခိုက်နစ်နာစေရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ အပျော်သက်သက်စနောက်ခြင်းသည်လည်း တဖက်လူအတွက် ပျော်ရွှင်စရာမဖြစ်သည်ကို သတိထားတတ်ရန်လိုပါသည်။

ဤစာအုပ်သည် အမျိုးသမီးများ၏နေ့စဉ်ဘဝရှင်သန်ရေးနှင့် လူမှုရေး စီးပွားရေး၊ နိုင်ငံရေးဘဝတို့တွင် ပါဝင်ပတ်သက်နိုင်ရေးအတွက် အရေးကြီးသော အခြေခံပြဿနာကို ဖော်ထုတ် တင်ပြခြင်းဖြစ်သဖြင့် ဝိုင်းဝန်းအကြံပြုသူများ၊ အချက်အလက်ရှာဖွေပေးသူများ အားလုံးနှင့် နောက်ဆုံးအဆင့် စကားပြေအရေးအသားပြင်ဆင် တည်းဖြတ်ပေးသူ စာရေးဆရာမ (ဒေါ်) မေငြိမ်းတို့ကိုလည်း မြန်မာ့အမျိုးသမီးသမဂ္ဂမှ အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

# အခန်း(၁)

## ကာယိကမေတ္တာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ကိုယ်လက်အမူအရာစောင့်ထိန်းခြင်းကို ကာယိကမေတ္တာဟုခေါ်သည်။[၁] ထိုသို့ကိုယ်လက် အမူအရာစောင့်ထိန်းခြင်းကို အများအားဖြင့် အမျိုးသမီးများက အရှက်တရား၊ အကြောက်တရားနှင့်သော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသမီးများသည် ၎င်းတို့၏ လင်သားအပေါ် သစ္စာတရားဖြင့်လည်းကောင်း တည်ဆောက်၍ ထိန်းသိမ်းကြသည်။ တနည်းအားဖြင့်လည်း လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်း၏လက်ခံချက်များကို စံထား၍ လူသားတို့၏ စောင့်စည်းထိန်းသိမ်းခြင်းကို ကာယိကမေတ္တာဟုခေါ်ဆိုခြင်းပင်ဖြစ်သည်။

## ကာယိကမေတ္တာထိခိုက်ခြင်းဆိုသည်မှာ အဘယ်နည်း

ကာယိကမေတ္တာထိခိုက်ခြင်းဆိုသည်မှာ အလိုမတူဘဲ၊ အမျိုးသမီးတို့၏ လိင်ပိုင်းဆိုင်ရာကို အာရုံထား၍ ရူးစမ်းခြင်း၊ တနည်းအားဖြင့်ထိပါးနှောင့်ယှက်ခြင်းကိုဆိုလိုခြင်းဖြစ်သည်။

ထိုကဲ့သို့ဖြစ်လာစေရန် ကျင့်သုံးသည့် နည်းလမ်းများမှာ အမျိုးသမီးများအား စိတ်အနှောင့်အယှက်ဖြစ်အောင် တစုံတရာပြောဆိုခြင်း၊ ဥပမာ... လက်ခေါက်မှုတ်ခြင်း၊ အသံပေးခြင်းအပြင်၊ အမျိုးသမီး၏ ခန္ဓာကိုယ်အားကြည့်၍ တင်၊ ရင်နှင့် လမ်းလျှောက်ပုံများ၊ ထိုင်နေပုံများကိုကဲလေသာ စိတ်ဖြင့်ကြည့်နေခြင်း၊ တခါတရံတွင် မျိုးသမီးများ မြင်သာရန်အတွက် အမျိုးသမီးများ အိမ်သာရှေ့တွင် အမျိုးသားတန်ဆာပုံများ၊ အမျိုးသားများ၏ အိမ်သာရှေ့တွင် အမျိုးသမီး၏ တန်ဆာပုံများအား ပုံကြီးများဆွဲထားခြင်းတို့ စသည်တို့ဖြစ်သည်။

တခါတရံ ညစ်ညမ်းသောပုံများ၊ အမူအရာများပြခြင်း၊ လိင်စိတ်ပြေသော အခြေအနေများကို မြင်သာအောင်ပြုလုပ်ပြတတ်သည်။ နောက်ဆုံးအဆင့်

---

၁ မြန်မာအဘိဓာန်ကျမ်း

• [illegible]

ဖြစ်သော၊ အမျိုးသမီးတစ်ယောက်အား အလိုမတူပဲ မုဒိန်းမှုကျူးလွန်ရန်အဆင့်အထိ ကြံစည်ခြင်းများအပြင် ခွင့်ပြုချက်မရပါဘဲ ထိတွေ့ခြင်း၊ ကိုင်တွယ်ခြင်း မတော်တဆ ထိသယောင်ပြုလုပ်၍ ကာယိန္ဒြေထိခိုက်စေရန် စသည့် နည်းလမ်းအသွယ်သွယ်ဖြင့် ပြုလုပ်ခြင်းတို့ဖြစ်သည်။

## ကာယိန္ဒြေထိခိုက်လာစေရန်ဖြစ်ပေါ်လာသည့် အခြေခံအကြောင်းအရင်း

ကာယိန္ဒြေထိခိုက်လာစေရန် ဖြစ်ပေါ်လာသည့် အခြေခံအကြောင်းရင်းမှာ... လိင်ကွဲပြားမှုကြောင့် ခွဲခြားခံရခြင်းဖြစ်ပေသည်။ လိင်ကွဲပြားမှုဆိုသည်မှာ ကျားနှင့်မကို ပြောခြင်းဖြစ်ပြီး၊ ခွဲခြားခံရခြင်းမှာ မိန်းမဖြစ်၍ ယောကျ်ားဖြစ်၍ဟူသော အခြေခံအကြောင်းအရင်းအပေါ် မူတည်ပြီးခွဲခြားလာခြင်းဖြစ်သည်။ ထိုကဲ့သို့ခွဲခြားခံရသော အကြောင်းအရာများကို မျက်စိဖြင့် မြင်နိုင်ပြီး ရှင်းပြနိုင်သည်များရှိသကဲ့သို့ အကောင်အထည်ပြ၍ မရနိုင်သော အခြေအနေအများကြောင့် ရှင်းပြရန် ခက်သည်များလည်းရှိပါသည်။ ထိုအထဲတွင် ယခုအကြောင်းအရာသည်လည်း ရှင်းပြရန် ခက်ခဲသည့် အချက်အဖြစ် ပါဝင်သည်။ အမျိုးသမီးများအိမ်တွင်း၌ နေရခြင်းသည် မြန်မာ့ဓလေ့တွင် ပုံစံခွက်တခုကဲ့သို့ရှိနေခဲ့ပြီး ထိုပုံစံခွက်အတွင်း သွပ်သွင်းခံရခြင်းမှာလည်း ယခုကဲ့သို့ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခံရမည်ကို စိုးရိမ်ကြခြင်းကြောင့် ဖြစ်ကြောင်း အခြေခံအကြောင်းတရပ်အဖြစ် ယူဆထားကြသည်။

လိင်ကွဲပြားမှုကြောင့် တာဝန်ထမ်းဆောင်ရာ၌ ကွဲပြားခြင်းအတွေးအခေါ်အရ ကွဲပြားခြင်းတို့ရှိသည်မှာ ပြဿနာမဟုတ်ပါ။ သို့သော် စွမ်းအား၊ စွမ်းရည်၊ လုပ်ပိုင်ခွင့် အာဏာအပေါ်တွင် အခြေခံ၍ (ကျား) မှသာ ဤအတွေးအခေါ်ရှိသည်။ (မ) တွင်ထိုအတွေးအခေါ်မရှိဟု တွေးတောယူဆခြင်းသည်သာ ပြဿနာဖြစ်စေသည်ကို ယခုခေတ်အသိုင်းအဝိုင်းတွင် ဖြစ်တည်နေမှုအား ကြည့်ခြင်းအားဖြင့် မြင်တွေ့နိုင်ပါသည်။

ကျား၊ မ ကွဲပြားသည့်အခြေအနေမျိုးအပြင် လိင်တူချင်းစိတ်ဝင်စားမှုကြောင့်လည်း ကာယိန္ဒြေထိခိုက်တတ်သည်။ အမျိုးသမီးအချင်းချင်း(သို့) အမျိုးသားအချင်းချင်း လိင်ပိုင်းဆိုင်ရာနှောင့်ယှက်လည်းကောင်း၊ အမျိုးသားများမှ အမျိုးသားများအချင်းချင်း သို့ပြုမူခြင်းဖြင့်လည်းကောင်း၊ ကာယိန္ဒြေထိခိုက်စေပါသည်။

သို့သော်ဤနေရာတွင် အများဆုံးဖြစ်နေသည့်လိင်ကွဲပြားမှုကြောင့် ခွဲခြားခံရခြင်းပေါ်တွင် အဓိကအခြေခံ၍ အမျိုးသားနှင့်အမျိုးသမီးကြား အဖြစ်မျက်များကိုသာ အဓိကဖော်ပြရေးသားထားပါသည်။ အမျိုးသမီးများထံမှလည်း အမျိုးသားများအား ကာယသိခြွေထိနိုက်အောင် ပြုမိသည်များရှိကောင်းရှိသော်လည်း ရာခိုင်နှုန်းအားဖြင့် အမျိုးသားများ၏ လုပ်ဆောင်ချက်များသည် ပိုမိုထင်ရှားနေသည်။

လူ့ပတ်ဝန်းကျင် လူ့အသိုင်းဝိုင်းမှလည်း ထိုအပြုအမူတို့ကို အမျိုးသားများနှင့် အမျိုးသမီးကြားဖြစ်တတ်သည့် သာမန်အဖြစ်အပျက်တခုအဖြစ်သာ ထင်မှတ်ကျော်ပြတ်နေတတ်သည်။ အမျိုးသမီးများအနေဖြင့် မိမိထိပါးနှောင့်ယှက်ခံရမည်ကို ဖွင့်ဟပြောဆိုလျှင် မိမိ၏ ဂုဏ်သိက္ခာညှိုးနွမ်းနိုင်သည်ဟု ထင်မှတ်ယုံကြည်ထားသောကြောင့် အမျိုးသမီးအချင်းချင်းပင် ပြန်လှန်ပြောဆိုခြင်းအင်မတန်နည်းနေသည်ကို တွေ့မြင်နိုင်သည်။ ပြောဆိုမိကြသောအခါတွင်မည်ကဲ့သို့ ရပ်တန့်အောင်လုပ် ဆောင်နိုင်မည်ကို မဆွေးနွေးဖြစ်ကြဘဲ မကျေနပ်ချက်များကို ဖွင့်ဟကြခြင်းလောက်သာဖြစ်သည်။ ထိုအခြင်းအရာကိုကြည့်ခြင်းအားဖြင့် အမျိုးသမီးနှင့် အမျိုးသားကြား လုပ်ပိုင်ခွင့်ပြုထားသကဲ့သို့ မသိစိတ်မှခံယူထားသောကြောင့် ဖြစ်ကြောင်းသိနိုင်သည်။ အမျိုးသားများအနေဖြင့်လည်း အမျိုးသမီးများအား အမှင်းပြေစေနောက်၍ (အပျော်အပျက်) ခံစားရာဟု ယူဆထားသည့်အပြင် လုပ်ခွင့်ရှိသည်ဟုလည်း ဘိုးဘေးလက်ထက်မှ သင်ကြားခြင်းခံခဲ့ရသည်ကို ပြုပြင်ခြင်းမရှိသောကြောင့် ယခုကဲ့သို့ ကာယသိခြွေထိနိုက်စေခြင်း အကြောင်းအရင်းများ ဆက်လက်ဖြစ်ပေါ်နေခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ကျူးလွန်လုပ်ဆောင်သူများသည် မိမိနှင့်ရင်းနှီးသည့် သူငယ်ချင်းလည်းဖြစ်နိုင်သည်။ မိမိတို့၏ ယုံကြည်စွာ လက်ခံတတ်သည့်ဆွေမျိုးရင်းအသိုင်းအဝိုင်းထဲမှ အမျိုးသားလည်းဖြစ်နိုင်သည်။ မိမိတကြိမ်တခါမှ မမြင်ဖူးသော သူစိမ်းတရံများလည်းဖြစ်နိုင်သည်။ အချို့သည်အမျိုးသမီးများနားမလည်နိုင်သည့် "ဗန်းစကား" များ ဖြင့်လည်းပြောဆိုတတ်ကြသည်။

အမျိုးသမီးများအနေဖြင့် ပညာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ အမျိုးသမီးများအားလုံး အဆင့်အတန်းမရွေး အခြေအနေအမျိုးမျိုးဖြင့် ကြုံတွေ့နိုင်သည်ကို အတွေ့အကြုံပလှယ်သော ကာယသိခြွေထိပါးနှောင့်ယှက်ခံခဲ့ကြရသည့် အမျိုးသမီးများ၏ အသံများကို နားထောင်ခြင်းဖြင့် သိရှိနိုင်ပါသည်။

# အခန်း(၂)

## ကာယိကဒြွနိမ်ဒိုက်ဖြတ်ခြင်းနှင့်ပတ်သက်၍ အတွေ့အကြုံ မလှယ်ခြင်းဆိုင်ရာအပိုင်း

ဤအပိုင်းတွင်အမျိုးသမီးများသည် ၎င်းတို့၏ အတွေ့အကြုံများအား ပြောပြရာတွင် သာမန်အဖြစ်အပျက်ကဲ့သို့ ထင်မှတ်ရသော်လည်း အမျိုးသမီးများ၏ ရင်ထဲတွင် ထိုကဲ့သို့မြှုလုပ်ခံရခြင်းသည် ခံစားရသော စိတ်ခံစားချက်ရလာဒ်များကိုပါမြင်တွေ့နိုင်သောကြောင့် အမျိုးသမီးများကိုယ်တိုင် ရင်ဖွင့်ပြောဆိုပေးခဲ့သော အကြောင်းအရာများနှင့်သာ အလေးပေးသား တင်ပြထားပါသည်။

အဖြစ်အပျက်အကြောင်းအရာများမှာ တခုနှင့်တခုတူချင်မှတူမည်ဖြစ်သော်လည်း ခံစားချက်များမှာ တူညီနေသည်ကို တွေ့မြင်နိုင်ပါသည်။ သို့သော် ထိုကဲ့သို့အကြောင်းအရာများကို ခံစားတင်ပြနိုင်သောအမျိုးသမီးများ၏ အတွေ့အကြုံ လွန်စွာများပြားသော်လည်း ထုတ်ဖော်မပြောခဲ့ခြင်းကြောင့် ရင်ဖွင့်သံမှာမူ လက်ချိုးရေတွက်၍ ရနိုင်ပါသည်။ အကြောင်းမှာ အမျိုးသမီးများသည် အများအားဖြင့် မရင်းနှီးသည့်သူများအား ကိုယ်ရေးကိုယ်တာ ပြောလေ့ပြောထမရှိပါ။ သို့ရာတွင် မိမိတို့အနေဖြင့် ရင်ဖွင့်ပြောပြခြင်းအားဖြင့် ရရှိမည့်အကျိုးတရားနှင့် ထုတ်ဖော်မပြောခြင်း၏ ဆိုးကျိုးများကို ရှင်းပြသောကြောင့်သာလျှင် အမျိုးသမီးများမှာ ဖွင့်ဟရန် တာဝန်ရှိသည်ဟုများလည်းခံစားလာကာ ထုတ်ဖော်ပြောဆိုခြင်းဖြစ်သည်။

ထိုသို့အမျိုးသမီးများရင်ဖွင့်ပြောဆိုရာတွင် အမျိုးသမီးများ၏ မျက်နှာ၌ အရှက်တရား၊ အကြောက်တရားနှင့်ခံပြင်းမှုများ ပြန်လည်ထင်ဟပ်နေသည်ကို မိမိတို့အနေဖြင့် ပြန်လည်ခံစား သိမြင်နိုင်ခဲ့ပါသည်။ အချို့အမျိုးသမီးများသည် မခံနိုင်လွန်း၍ တစုံတခုပြန်လည်တုံ့ပြန်လျှင် ထိုအမျိုးသမီးများအား အင်မတန်စွာသော ကက်ကက်လန်ရန်တွေ့တတ်သော အမျိုးသမီးဟုဆို၍ "ငါသာအိမ်ထောင်ပြုရင် ဒါမျိုးမိန်းမတော့ ဝေးဝေးကရှောင်မည်"ဟု ပြောဆိုတတ်သည့် အမျိုးသားများ၏ အသံကိုလည်းကြားမှုမြင်ခဲ့မှုးသည်။

အချို့အမျိုးသားများက ထိုသို့သောအမျိုးသမီးများအား ဆိုးဆိုးဝါးဝါး

နှိမ့်ချပြောဆိုတတ်ကြသေးသည်ကိုလည်းတွေ့မြင်နိုင်ပါသည်။ "ယောကျ်ားတွေကသူများအပေါ်မှာ အခုခုပြောပြီး ဟားတိုက်တာကျတော့ ဘာမှမဖြစ်သလိုနဲ့ အမျိုးသမီးတဦးကခံပြင်းလို့ တုံ့ပြန်လိုက်ရင်တော့ သူတို့သိပ်နာတတ်တာပဲ"• ဟု အမျိုးသမီး တဦးကပြောခဲ့ဖူးပါသည်။

## (က) ကိလေသာစိတ်ဖြင့်ကြည့်သောကြောင့် အမျိုးသမီးများအား ကာယိကနှိပ်စက်ခြင်း။



အမျိုးသမီးများသည် လုပ်ငန်းခွင်သို့ဝင်ရောက်ရသည့်အချိန်တွင် အများအားဖြင့် အမျိုးသားအများစု ရှိနေတတ်သောနေရာတွင် ဖြတ်သွားဖြတ်လာပြုလုပ်ရတတ်သကဲ့သို့ အမျိုးသားအများစုရှိနေသည့်နေရာတွင် လုပ်ငန်းတာဝန်ထမ်းဆောင်နေရသည်လည်းရှိသည်။

ထိုသို့သွားလာသောအမျိုးသမီးများမှာ လုပ်ငန်းခွင်တွင်လည်းကောင်း၊ လုပ်ငန်းခွင်မရောက်ခင် စပ်ကြားတွင်လည်းကောင်း၊ အမျိုးသားများ၏ ကိလေသာစိတ်ဖြင့် ကြည့်သော အကြည့်ကိုစိတ်ပျက်စွာဖြင့် ကျော်ဖြတ်နေကြရ

• [illegible] ဒီဇင်ဘာလ

သည်။ ထိုအခါ အမျိုးသမီးများ လုပ်ငန်းခွင်သို့ဝင်ရန် အလွန်ဝန်လေးတတ်သော်လည်း "ဟန်ကိုဗို့" ဟူ၍အားတင်းကာ မျက်နှာခပ်တည်တည်ဖြင့် လုပ်ငန်းခွင်သို့ဝင်ရောက်တတ်သကဲ့သို့ အချို့အမျိုးသမီးများမှာ မျက်လုံးပေါင်းများစွာကို ရင်ဆိုင်ရသည့်အခါတွင် လမ်းလျှောက်ရာပင်ခက်ခဲ၍ ခြေလှမ်းမမှားစေရန် မိမိခြေထောက်သာ ငုံ့ကြည့်၍ မမြင်သလို အားတင်း၍ လျှောက်ရပြန်သည်။

ထိုသို့သော မလွတ်မလပ်အခြေနေများစွာကို ရင်ဆိုင်ကြုံတွေ့ရသော်လည်း "ဟန်ကိုဗို့" နည်းလမ်းမှအပ အခြားပြေစရာမရှိဘဲ နေ့စဉ်အားတင်းရင်ဆိုင်နေတတ်သည်။ ထိုကဲ့သို့ အမျိုးသားအများစု ရှိနေသည့်နေရာ ရှေ့မှ အလွန်အခက်အခဲဖြစ်နေတတ်သောကြောင့် အမျိုးသမီးများမှ အကို၊ မောင်မိဘများအားခေါ်၍ လိုက်ပို့ခိုင်းကြရပြီး အဖော်မပါဘဲ တဦးတည်း သွားလာရန်ခဲယဉ်းလာတော့သည်။

ထိုအခြေအနေကိုမနှစ်မြို့သော်လည်း ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်အပေါ် စိတ်ချယုံကြည်မှုနည်းသောကြောင့် အမျိုးသမီးများအားလိုက်ပို့ရသည့်အလုပ်ကို "ဝန်ဆောင်မှုလုပ်ငန်း" အဖြစ် အသိုင်းအဝိုင်းမှလည်း သတ်မှတ်လုပ်ဆောင်ပေးတတ်သည်။ ၎င်းအခြေအနေမျိုးမှ လွတ်မြောက်နိုင်ရန်အတွက်အမျိုးသမီးများသည် လုံခြုံသောလုပ်ငန်းခွင် တနေရာမှ တနေရာသို့ပြောင်းရွှေ့ရန်အတွက် တနေ့တာရှာနေတတ်သည်။ သို့သော် စိတ်ကူးယဉ်သကဲ့သို့သာဖြစ်ခဲ့ရသည့် အမျိုးသမီးများ၏ အခြေအနေကို တင်ပြလိုက်ပါသည်။

"ကျမအလုပ်လုပ်တဲ့နေရာက ကြက်သွန်နီပွဲရုံတခုလေ၊ စာရေးမလုပ်တာပါ၊ ကျမအဲဒီပွဲရုံကိုဝင်တဲ့နေ့ကတည်းကနေ အတော်စိတ်ညစ်ရတယ်၊ ကျမလာပြီဆိုတာနဲ့ ဝိုင်းကြည့်နေကြတာ စားမတတ်ဝါးမတတ်ပဲ၊ လူတွေက အဆင့်ကိုမရှိဘူး တကယ်နေရခက်တယ် ကိုယ်ကခပ်တည်တည်နဲ့ မျက်မှောင်ကျုံ့ပြီးကြည့်လိုက်ရင်လည်း တခုခုလုပ်ပြတယ်၊ သိပ်ရက်ဝို့ ကောင်းတာ တခြားအလုပ်သာရှိရင် ကျမချက်ချင်းပြောင်းလိုက်ပြီးလုပ်တယ် ..."[၂]

**အမျိုးသားတဦး၏ ပြောပြချက် ...**

"တချို့ကအကြည့်တွေကိုရှုးရှုးရဲရဲ ကြည့်ပြီး ဒိမိန်းကလေးကတောင့်

---

၂ ရာရာဝင်း (တောင်ကြီး) ၁၉၉၅ အမြစ်အမျက် အင်တာဗျူးရက် ၂၀၀၄ ဇန်နဝါရီ

တယ်ဆိုတာမျိုးပြောတာရှိတယ် မကောင်းဘူးပေါ့၊ ကျနော်ကိုယ်တိုင်ဆိုလည်း တမျိုးဖြစ်တယ်။ ဒါပေမဲ့ မိန်းကလေးတွေဘက် ကြည့်တော့လည်း အကြည့်ခံချင်တယ် အစခံချင်တယ် သူတို့ကို အသိအမှတ်ပြုတယ်ဆိုတာလည်း ဖြစ်တာပေါ့ ...'' ၃

**အမျိုးသမီးတဦးထပ်မံပြောဆိုချက် ...**

''ကျမက ဖက်ရှင်ဆိုရင်တကယ်ကြိုက်တယ် အထူးသဖြင့်ကိုယ်ကြပ်အင်္ကျီအနွေးထည်လေးတွေလေ အရမ်းလှတာကိုး ဒါပေမဲ့အလုပ်သွားရင်တော့မဝတ်ရဲပါဘူး၊ ယောကျာ်းလေးတွေက နည်းနည်းလေးထူးထူး ခြားခြားလေးဝတ်တာနဲ့ကို လိုက်ကြည့်တယ် လူတောင်အငွေ့ပြန်လို့ရရင် သူတို့ရှေ့ကနေအငွေ့ပြန်ပြီးပျောက်သွားချင်တာ သူတို့အကြည့်နဲ့ပြာကျသွားမှာစိုးလို့ ...'' ♦

## (၁) အသံအားဖြင့် မိမိ၏ ကာယိန္ဒြေထိခိုက်စေခြင်း

ဤအပိုင်းနှင့်ပတ်သက်၍ မိမိမေးမြန်း၍စကားပြောဆိုကြည့်သည့်အခါတွင် အမျိုးသမီးအတော်များများမှာ လေချွန်ခြင်း၊ လက်ခေါက်မှုတ်ခြင်းနှင့် တစုံတရာအသံပေးခြင်းများကို သာမန်အမျိုးသမီးနှင့်အမျိုးသားအကြား လုပ်ပိုင်ခွင့်ဟု သတ်မှတ်ယုံကြည်ထားသကဲ့သို့ အမျိုးသားများကလည်း အဆန်းတကြယ်မဟုတ်သည့် ကိစ္စအား ရေးကြီးခွင်ကျယ် ပြောဆိုသည်ဟု ထင်မှတ်တတ်ကြပြန်သည်။

မိမိပုံမှန်သွားလာနေသည့်အချိန်တွင် တစုံတယောက်မှ အသံပေးခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်ပြီး အားတင်းကျော်ဖြတ်ရခြင်းများကို ကြာလာသည်နှင့်အမျှ စိတ်ပျက်သွားပြီး အိမ်ပြင်ထွက်ရန် ဝန်လေးတတ်သော အမျိုးသမီးများရှိသကဲ့သို့ ဖုတ်လေသည့်ပေါ်ရှိသည်ဟုပင် မယူဆခြင်းဖြစ်အောင် အားတင်းဟန်လုပ်၍ ကျော်ဖြတ်နေရသော အမျိုးသမီးများကိုလည်း တွေ့မြင်နိုင်သည်။ မိမိမှာ အမျိုးသမီးများနှင့် တွေ့ဆုံ၍ ထိုအကြောင်းအရာအား ဆွေးနွေးပွဲလေးတခုပြုလုပ်လိုက်သည့်အခါတွင် အမျိုးသမီးအတော်များများမှာ သူမတို့၏ ခံစားချက်များ ပွင့်ထွက်၍ ပြောဆိုလာတော့သည်။ သူမတို့၏အသံများမှာ ...

♦ ဆွေးနွေးပွဲငယ်လေးတခု မှကောက်နှုတ်ချက် (၂၀၀၃) ဒီဇင်ဘာ

၃ အင်တာဗျူး အမှတ် (၃၃) ၂၀၀၄ ဧပြီ ၁၄

"ကျမလက်ဘက်ရည်ဆိုင်ရှေ့က ဖြတ်သွားတော့အသံပေါင်းစုံကို ကြားရတော့တာပဲ။ ဒါပေမဲ့ ဂရုမစိုက်ခဲ့ဘူး။ ဘာလို့လဲဆိုတော့ ဒါတွေက လက်ဘက်ရည်ဆိုင်ရှေ့ရောက်ရင် ထွက်နေကျအသံလေး၊ ဒါပေမယ့်ကြိုက်တာတော့ မကြိုက်ဘူးပေါ့နော်၊ အော်တာကလည်း ယောင်သလိုနဲ့ 'ဝေ—ဘက်' ဆိုပြီးတော့လေ အတော်မိုက်ရိုင်းတာ နောက်ပိုင်းတော့လည်း ရိုးသွားတာပါပဲ မကြားချင်ယောင်ဆောင်လိုက်တယ်။"[၄]

"ကျမကတော့ အဲဒီအသံကြားရင်လှည့်ကိုမကြည့်ဘူး အရှက်ကွဲမှုလို့။ တခါတလေ ကိုယ့်နာမည်ခေါ်ပြီး မသိချင်ယောင်ဆောင်တာမျိုးတွေလုပ်တယ်ဆိုတော့ လှည့်မကြည့်တော့ဘူး။ လှည့်ကြည့်တာနဲ့မိုက်ရိုင်းတဲ့ စကားသံထွက်လာတာဘဲ သူတို့ဟာကိုတိုင်းပြီး အော်တာလေး သူများကြားအောင်ကို လုပ်တာ။"[၅]

ထိုအကြောင်းအရာအား အမျိုးသမီးများဘက်မှ ဤသို့ပြောဆိုပါသည်။

"ဒီလိုလုပ်တယ်ဆိုတာ စနောက်တာပါဗျာ၊ ကျနော်တို့ကသူတို့ကို ကာယိန္ဒြေထိခိုက်အောင် ပြုလုပ်ချင်လို့လည်းမဟုတ်ဘူး။ အရှက်ကွဲပါစေလို့ လုပ်တာလဲမဟုတ်ဘူး။ တချို့မိန်းကလေးတွေလည်း ဒီလိုအသံပေးကျတာပဲဗျ၊ ဒါအထူးအဆန်းမဟုတ်ပါဘူးဗျာ" [၆]

"အသံနဲ့တော့ပြောမှုတာရှိတယ် "အ" ဆိုပြီးတော့ ရွံ့စရာကြီးဆိုတာမျိုးတွေလုပ်ပြတာပေါ့၊ အထူးသဖြင့် ခေတ်မီတဲ့ အပြင်အဆင်ပြောမလား ခေတ်ရှေ့ပြေးတယ်လို့ ပြောရမလား အဲလိုဝတ်စားဆင်ယင်မှုတွေကို မြင်တဲ့အခါမှာ လုပ်ပြဖြစ်တာ"[၇]

"အသံနဲ့စနောက်တာရှိတယ်လေ ဘာဖြစ်လဲ ချစ်စရာကောင်းလို့ ချစ်စရာကောင်းတယ်လို့ပြောတာမျိုးလေ နောက်ပြီးသူတို့ကိုစတဲ့အခါ သူတို့လည်း ဘာမှပြန်ပြောတာမှမဟုတ်တာ သူတို့စိတ်မထိခိုက်နိုင်ပါဘူး ဒါက မိန်းကလေးနဲ့ ယောကျ်ားလေးကြားမှာ ဆက်သွယ်နည်းတခုပဲလို့ ကျနော်ထင်တယ်"•

---

၄ အင်တာဗျူး အမှတ် (၈) ၂၀၀၄ ဇန်နဝါရီ ၁၆

၅ အင်တာဗျူး အမှတ် (၉) ဇန်နဝါရီ ၁၆

၆ အင်တာဗျူး အမှတ် (၂၁) မတ်လ ၅

၇ အင်တာဗျူး အမှတ် (၁၉) ၂၀၀၄ မေ ၁၄

• မွေးမွေးခိုင်လေးတာ မှတ်တမ်းမှတ်ချက် (၂၀၀၃) ဒီဇင်ဘာ

ထိုသို့ထင်မြင်ချက်နဲ့စနောက်သည့် အမျိုးသားများအား ဤအမျိုးသမီး နှစ်ဦး၏ အသံနှင့်သာ အဖြေပေးလိုက်ပါသည်။

"မိန်းမတွေများ ခြေဆုံးခေါင်းဆုံး ယောကျ်ားတွေကြိုက်အောင် ပြင်ရတာ အတော်ပင်ပန်းမှာပဲကွာ ဆိုပြီးပြောတော့ ကျနော်အရမ်းစိတ်ဆိုးတယ်ဗျာ တကယ်ဆိုကျနော်တို့ မိန်းကလေးတွေပြင်တာကလည်း ယောကျ်ားတွေကြိုက်ဖို့မဟုတ်ဘူးဗျ၊ ကိုယ့်ဟာသာလှချင်လို့ နောက်ပြီး သနပ်ခါးက အေးတယ်လေ၊ မွှေးလေးယဉ် ကျေးမှုဗျ နောက်ပြောလိုက်သေးတယ် အဲဒီထဲမှာ အလှဆုံးလေးကတော့ ချိုချိုလေးပေါ့တဲ့ ..." ၈

"ကျမဈေးသွားရင်းနဲ့ ငှက်ပျောသီးစားတာကို ယောကျ်ားတွေက တအားအားနဲ့ အော်နေတာ အစကတော့ကိုယ့်ကို အော်မှန်းမသိဘူး၊ သူငယ်ချင်းက ဟယ်လမ်းမှာမစားပါနဲ့ ဆိုပြီးတော့ ရန်ဖြစ်ရသေးတယ်၊ ဗိုက်ဆာတာပဲ မစားလို့ရမလား၊ ဗိုက်ဝနိုင်တာ ဒီအသီးပဲ ရှိတာကိုးလို့ပြောတော့ သူငယ်ချင်းရှင်းပြတော့မှ ကျမနားလည်တော့တယ်၊ ရှက်လိုက်တာ၊ ရွံ့လည်းရွံ့တယ်" ၉

အမျိုးသမီးများ၏ ရင်ဖွင့်သံများအားပြန်လည်၍ ဆန်းစစ်ကြည့်မည်ဆိုပါက မသိလိုက်ပါက အရေးမကြီးဟုထင်ရသော်လည်း သိလိုက်ရသည့်အချိန်တွင် ခံစားလိုက်ရသည့်အခါ အမျိုးသမီးများ ထိုသို့နှောင့်ယှက်ခံရခြင်းကို လျစ်လျူရှု၍ မသိချင်ယောင်ဆောင်ရခြင်း၊ ပြန်လည်တုံ့ပြန်ရန် စွမ်းအားမရှိတို့ကြောင့် အိမ်ရောက်မှသာ မိမိယုံကြည်သူအား ပြောဆိုရင်ဖွင့်တတ်သည်။

အမျိုးသားများ၏ စိတ်ထဲတွင် စနောက်တာပဲဟု သတ်မှတ်ချက်သည်၊ အမျိုးသမီးများ၏ ရင်တွင်းခံစားချက်များကို သိရှိနားလည်းသွားလျှင်မူ ပြောင်းလဲသွားနိုင်မည်ဟုထင်ပါသည်။ အမျိုးသားတစ်ဦးက ဤသို့ဆိုပါသည်။ နှမချင်း၊ အစ်မချင်း၊ အမေချင်းစာနာတတ်တယ်ဆိုရင်တော့ ပြောမှာမဟုတ်ပါဘူး၊ ကျနော်ဘယ်မိန်းကလေးကိုမှ ဒီလိုမျိုးမလုပ်ဖူးဘူး ဟုပြောဆိုသွားသော အမျိုးသား၏အသံသည် အခြားအမျိုးသား၏ အသံကိုပါ ကိုယ်စားပြုနိုင်သကဲ့သို့ပင် ထိုကဲ့သို့ အစ်မ၊ နှမ၊ အမေချင်းစာ နာတတ်မည်ဆိုပါလျှင်...။

၈ အင်တာဗျူး အမှတ် (၇) ၂၀၀၄ ဇန်နဝါရီ ၁၆
၉ အင်တာဗျူး အမှတ် (၉) ဇန်နဝါရီ ၁၆

## (ဂ) မိမိ၏ ရုပ်ရည်သွင်ပြင်အား မှတ်ချက်ပေးခြင်းဖြင့် ကာယိကနှောင့်ယှက်စေခြင်း



အမျိုးသားများသည် အမျိုးသမီးများအား ကြည့်သောအခါတွင် သူမတို့၏ လုပ်ရည်ကိုင်ရည်နှင့် တွေးခေါ်ပုံများအားကြည့်ခြင်းထက် သူမတို့၏ ခန္ဓာကိုယ်အားကြည့်၍ ပြစ်တင်ခြင်း၊ ချီးကျူးခြင်း၊ ရှုံ့ချခြင်းတို့ကို အားမနာတမ်းပြုလုပ်တတ်ကြသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းများကို ပြစ်မှုအဖြစ်မမြင်ဘဲ ပြောရေးဆိုခွင့်ရထားသောသူများကဲ့သို့ စာနာမှုကင်းမဲ့စွာဖြင့် ပြောဆိုကြသည်ကို တွေ့ရှိရပါသည်။

တချို့မှာလည်း လှောင်ပြောင်ခြင်းထက် မိမိတို့လူ့အဖွဲ့အစည်းမှ လူ့ငယ်သဘာဝဟု သတ်မှတ်ထားသည့် အပျော်သဘော နောက်ပြောင်ခြင်းအဖြစ် အမျိုးသားများဖက်မှ လုပ်ဆောင်ပြောဆိုလေ့ရှိသည်။ ၎င်းတို့ ပြောဆိုခြင်းကို အတွေ့အကြုံရှိသော အမျိုးသမီးများနှင့် အမျိုးသားအချို့၏ ပြောဆိုချက်အရ ...

"ကျမ ခန္ဓာကိုယ်ကိုရစရာမရှိအောင်ပြောကြတာတွေရှိတယ်။ ဥပမာ... ဆိုရင် ဖင်မရှိ ရင်မရှိနဲ့ ငါးဖောင်ရိုးကျနေတာပဲ လို့ပြောပြီး လှောင်ရယ်ကြတာ၊ ပြီးတော့ပြောသေးတယ် ကျမနှုတ်ခမ်းကအရမ်းလှတာပဲ၊ တင်မပါလည်း ကိစ္စမရှိဘူးဆိုပြီး ယုတ်ယုတ်မာမာပြောတာလေ" [၁၀]

---

၁၀ အင်တာဗျူး အမှတ် (၂) နိုဝင်ဘာ ၂၀၀၄

"ကျမက ရင်သားနည်းနည်းကြီးတယ်လေ၊ လူကပိန်တော့ အတော်လေးသိသာတယ်၊ ကျမလည်းရက်တော့လမ်းလျှောက်ရင်တောင် နည်းနည်းကုန်းထားရတာ အရပ်ကလည်း ရှည်တော့ နည်းနည်းကြည့်မကောင်းဘူးပေါ့၊ ခါးတောင်ကိုင်းနေပြီ၊ အင်္ကျီဆိုလည်းပွပွလေးပဲဝတ်တာ၊ ဒါပေမဲ့ ယောကျ်ားလေးတွေရဲ့မျက်လုံးက မြင်တတ်တယ်။ ကျမကိုဆို လူအရင်မလာဘဲ ချိုချိုက အရင်ရောက်နေပြီလို့ပြောလို့ ကျမကျောင်းတက်ချင်စိတ်တောင်ကုန်တာမျိုး ဖြစ်ခဲ့ဖူးတယ်။ ကျောင်းတုန်းကဆိုရင် ဘယ်လိုနေရမလဲဆိုတာ မသိအောင်ဖြစ်ပြီး ခဏခဏငိုရတယ်။ မေမေကတော့ ပြောပြပါတယ်။ မိန်းကလေးပဲသမီး ရယ်ရင်ရှိတာရက်စရာ မလိုပါဘူးပေါ့ ဒါပေမယ့် ယောကျ်ားလေးတွေက ငိုင်းငိုင်းစတော့ ကျမရှက်တာပေါ့ သူတို့တွေက ကျမနာမည်မခေါ်ဘဲနဲ့ ချိုချိုဆိုပြီးခေါ်တာ ကျမတော်တော်ရှက်တယ်" ၁၁

"ကျမခန္ဓာကိုယ်ကို လူအများဆုံးပြောကြတာကတော့ ခါးသေး၊ ရင်ချီနဲ့ အတော်လေးလှတယ်လို့ ပြောကြပါတယ်။ ဒါပေမယ့် ကျမက တင်နည်းနည်းကြီးလို့ သိပ်မကြိုက်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ကျမလမ်းလျှောက်ရင် နည်းနည်းခါသလိုဖြစ်တယ်ဆိုတာ ကျမကိုယ်တိုင်လည်း သတိထားမိတယ်။ ယောကျ်ားလေးတွေက အဲဒါကို ကျမနောက်ကနေလိုက်ပြီး တင်ပါးလေးလှုပ်တာကိုကြည့်ရင်း ကိုယ်ချွဲ၊ ရင်သားလေးလှုပ်တာလေးကို ကြည့်ရင်း ကိုယ်ချွဲဆိုပြီး သီချင်းကိုဖျက်ဆိုပြီးတော့ နောက်ပြောင်ကြတယ်၊ ကျမဆို ခဏခဏလမ်းလျှောက်မှားလို့ ငိုရတာလည်း ခဏခဏပဲ၊ အရမ်းရှက်တာပဲ၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ၊ ကျမလည်းတမင်တကာလုပ်ယူပြီး လျှောက်တာမှမဟုတ်တာ" ၁၂

"ဝဝကစ်ကစ်လေးနဲ့ ဖက်ထားချင်စရာလေးလို့ပြောခံရလွန်းလို့ စိတ်ပျက်ပြီးပိန်အောင် ကြိုးစားနေတာ ပိန်ဆေးသောက်တာ အရမ်းခေါင်းမူးလွန်းလို့ နားထားရတာစဉ်းစားကြည့်လေ ပြောတာက လှရင်ဖက်ထားလို့မရဘူး၊ ဝရင်ဖက်ထားလို့ရတယ်၊ ဆောင်းတွင်းဆိုရင် နွေးလိုက်မယ်ဖြစ်ခြင်းတဲ့ ကျမမုန်းလိုက်တာ" ၁၃

"အရင်တုန်းကတော့ မတွေးတတ်ခဲ့ဘူး၊ ခပ်ဝဝ အသားမဲမဲနဲ့ အမျိုးသမီးဆိုရင် ကျွဲမဆိုတဲ့သီချင်းနဲ့ လိုက်စတာမျိုးပေါ့၊ သူတို့ဖက်ကတော့ ကျနော်

---

၁၁ အင်တာဗျူး အမှတ် (၅) နိုဝင်ဘာ ၂၀၁၃

၁၂ အင်တာဗျူး အမှတ် (၃) နိုဝင်ဘာ ၂၀၁၃

၁၃ အင်တာဗျူး အမှတ် (၁၀) မတ် ၁

က ပိန်တယ်ဆိုတော့ ဝါးခြမ်းပြားလို့ပြန်တုံ့ပြန်တာမျိုးတွေရှိတာပေါ့၊ ဒီလုပ်ရပ်မျိုးတွေကတော့ အမျိုးသမီးတွေရဲ့ ယုံကြည်မှုကို ပျက်ပြားစေတာမျိုးဖြစ်နိုင်သလို မာနကြောင့်လည်းသူတို့ကို တိုးတက်သွားစေနိုင်တာမျိုးလည်းဖြစ်နိုင်ပါတယ်။" ၁၄

ထိုကဲ့သို့အမျိုးသမီးများ၏ ကာယိန္ဒြေထိခိုက်အောင်ပြောဆိုခြင်းကို အမျိုးသမီးများ၏ ဘဝ၌ နေ့စဉ်ကြုံတွေ့နေရခြင်းသည် အမျိုးသမီးများ၏ စိတ်ဓာတ်အားပျက်ပြားစေသည့်အပြင် အမျိုးသမီးများအတွက် ပတ်ဝန်းကျင်ကကျဉ်းသထက်ကျဉ်းလာသကဲ့သို့ ထိန်းချုပ်မှုများ ဖြစ်ပေါ်စေလာခြင်းပင်ဖြစ်သည်။

ထိုသို့သော မှတ်ချက်ချခြင်းသည် အမျိုးသမီးများ၏ ခန္ဓာကိုယ်ကို ကြည့်၍ ကာယိန္ဒြေထိခိုက်အောင် ပြောဆိုခြင်းဖြစ်သည်။ ထိုဖြစ်စဉ်များမှာ အမျိုးသားများဘက်မှ သာမန်ဟုထင်မှတ်ရသော်လည်း အမျိုးသမီးများ ဘက်တွင် တင်းခံပြီးနေနေရသော်လည်း စိတ်တွင်း၌ ဝမ်းနည်းမှုများ ရှိနေသည်ကို တွေ့နိုင်သကဲ့သို့ မိမိခန္ဓာကိုယ်အား မနှစ်သက်တော့ပဲ အားငယ်စိတ်ပျက်ခြင်းများဖြစ်လာတော့သည်။

## (ဃ) မိမိ၏ခွင့်ပြုချက်မရဘဲ မိမိအားထိတို့ခြင်း၊ သို့မဟုတ် ကိုင်တွယ်ခြင်း၊ တစုံတရာဖြင့် ထိခြင်း



၁၄ အပ်တော်ချူး အမှတ် (၃၅) ၂၀၀၄ မေ ၁၄

မည်သူတစ်ဦးတစ်ယောက်ကမျှ မိမိ၏ ခွင့်ပြုချက်မရဘဲ မိမိခန္ဓာကိုယ်အား ထိတွေ့ကိုင်တွယ်ခြင်းကို လက်ခံနိုင်လိမ့်မည်မဟုတ်သော်လည်း ယနေ့ အချိန်ထိပင် အမျိုးသမီးများမှာ ခွင့်ပြုချက်ပေးထားခြင်းမရှိသော်လည်း အမျိုးသားတို့၏ထိတွေ့ကိုင်တွယ်မှုကို နည်းအမျိုးမျိုးဖြင့် ခံနေရသည်ကို မည်သူကမျှ ဤကိစ္စမျိုးအား ရေးကြီးခွင်ကျယ်မပြောကြပေ။

ပြောရန်လည်းသင့်တော်သောကိစ္စရပ်မဟုတ်ဟု ထင်မြင်လျှက် အလိုလိုရှက်စိတ်ဝင်ကာ တိတ်တဆိတ်နေကြတော့၏။ ထိတွေ့ကိုင်တွယ်ခြင်းကိုခံရသော အမျိုးသမီးများသည် အချင်းချင်း ထိုအကြောင်းအရာများပြောဆိုလျှင်ပင် မိမိတို့၏ ဂုဏ်သိက္ခာကို ထိခိုက်နိုင်သည်ဟု ထင်မှတ်ကာ ပြောဆိုခြင်းအလွန်နည်းသည်ကို တွေ့ရသည်။ ထိုသို့သော အခြေအနေမျိုးကို မိမိတို့၏ ပတ်ဝန်းကျင်တွင် လွယ်လင့်တကူ တွေ့ရှိနိုင်ပါသည်။ ဥပမာအားဖြင့် ဘတ်စ်ကားပေါ်တွင်လည်းကောင်း၊ စကားပြောသောအခါတွင် စနောက်သော ပုံသဏ္ဌာန်မျိုးဖြင့်လည်းကောင်း ပြုလုပ်တတ်ကြသည်။

၎င်းအခြေအနေများကိုရုပ်ရှင်၊ တီဗွီ၊ ဗွီဒီယိုဇာတ်လမ်းများတွင်ပင် တွေ့ရှိနိုင်သည့်အပြင် မိမိအိမ်တွင်း၌လည်း ကြုံတွေ့ကြရသည်။ "ဒီအကြောင်းတွေပြောနေလည်း သိပ်ထူးခြားလာမှာ မဟုတ်ဘူးလေ"ဟု ယုံကြည်ထားသောအမျိုးသမီးများသည် ပြန်လည်ပြောပြရန်အတွက် ခက်ခဲနေတတ်သည်။ ကြာလာသည်နှင့်အမျှ နှုတ်ဆိတ်သွားတော့သည်။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ အတွေ့အကြုံရှိခဲ့သော အမျိုးသမီးများ၏ ပြောပြချက်အရ ...

"ငယ်ရွယ်စဉ်အချိန်မှာ လူအုပ်များများကြားသွားမိလို့ တင်ကို၊ ရင်ကို မထိတထိ အကိုင်ခံရတာကိုတော့ မကြာခဏဆိုသလိုပါဘဲ၊ အဲလိုနေရာမျိုးတွေရောက်ရင် ကိုယ့်တင်တွေ ရင်တွေကို ထိန်းသိမ်းထားရတာ အလုပ်တခုလိုဖြစ်နေတယ်"• "ကျမတို့ရပ်ကွက်မှာ ဗွီဒီယိုက ရုံတရုံပဲရှိတယ် ကျမတို့အိမ်နဲ့တော့ နည်းနည်းဝေးတယ် ကျမလည်း ဒွေးကားဆိုရင် အရမ်းကြိုက်တာ၊ သွားကြည့်တာ အဲဒါ ဗွီဒီယိုကြည့်နေတဲ့ ခုံနောက်ကနေ ကျမတင်ပါးကို ခြေထောက်နဲ့ လိုက်ထိုးတာ ကျမလည်းဘယ်လိုဖြစ်နေတာလဲလို့ တခါတခါ လှည့်ပြောရင် မသိသလိုဘဲနေတယ် ပြီးရင်ပြန်လုပ်တာပဲ အဲဒါမျိုး ၃ ... ၄ ခေါက်

---

• လင်းလင်း (လပ်ခ်)

လောက်ကြုံတော့ မသွားတော့ဘူး"[၁၅]

"ကျမက ရန်ကုန်မှာနေတုန်းက ဘတ်စ်ကားစီးတဲ့အခါ ဒီလိုအတွေ့အကြုံမျိုး ခဏခဏကြုံရတယ် ကားပေါ်စတက်တာနဲ့ ဘတ်စ်ကားစပယ်ယာတွေက ကျမတို့ကို ခါးကနေပင့်ပေးသလိုလို လက်မောင်းပဲကူတွဲ ဆွဲခေါ်ပေးသလိုလို နောက်ကျောကိုတွန်းပြီးဖြစ်ဖြစ် လုပ်တာက အစပေါ့။ နောက် ဘတ်စ်ကားပေါ်ရောက်သွားရင် လူတွေတိုးလို့ကတော့ ယောကျ်ားလေးနားကျပြီဆိုတာနဲ့ ဘာများဖြစ်တော့မလဲဆိုတာကို ရင်တထိတ်ထိတ်နဲ့စီးရတာ၊ ပထမဆုံး အတွေ့အကြုံကတော့ ကျမလက်တန်းပေါ်မှာ ကိုင်ထားတဲ့လက်ကို ထပ်ကိုင်ထားတာ၊ အတင်းဖယ်ရတယ်၊ သူများတွေများကြည့်နေမလားဆိုပြီး ရှက်နေတာ။ နောက်တခါကျတော့ကျမပုခုံးပေါ်မှာ လာကိုင်တာ ဖယ်လိုက်တဲ့အခါမှ မသိသလိုဘာလိုလိုနဲ့လေ၊ မတ်တပ်ရပ်လို့စိတ်ညစ်ရတာကတမျိုး၊ ထိုင်ပြန်တော့လည်းမခံရဘူးလားဆိုမဟုတ်ဘူး၊ ကိုယ့်ပေါင်နဲ့ သူ့ပေါင်အတင်းထိထားထာတို့၊ ကျမဘက်မျက်နှာလှည့်ပြီး တအားကပ်ထားတာတို့ကတော့အကြိမ်ကြိမ်ပါဘဲ၊ ကိုယ်ကလည်း စိတ်မသိုးမသန့်ဖြစ်ပေမဲ့လည်း ပြန်ပြီးပြောရခက်နေတယ်"[၁၆]

"ကျမတက္ကသိုလ်တက်စဉ် ကာလကပေါ့၊ တနေ့မှာ ကျမနဲ့ကျမသူငယ်ချင်းကျောင်းရှေ့မှတ်တိုင်မှာ ဘတ်စ်ကားပေါ်က ဆင်းကြတော့ သူငယ်ချင်းအနောက်မှာ ချက်ချင်းပါမလာလို့ လှည့်ကြည့်တော့ ရှုံ့ရှာစက်ဆုတ်တဲ့ မျက်နှာနဲ့ မြူးကြောင်ကြောင်ရပ်နေတယ်လေ။ ကျမက "ဟဲ့ဘာဖြစ်နေတာလဲ" လို့မေးတော့ လက်ပြတ်ဝတ်ထားတဲ့ သူ့ရဲ့လက်မောင်းရင်းကို မေးငေါ့ပြလို့ ကျမကြည့်လိုက်တော့ ပျစ်ခွဲခွဲအဖြူရည်တွေကို တွေ့ရတယ်။ သူငယ်ချင်း က ခပ်လှမ်းလှမ်းမှာ လျှောက်သွားတဲ့ ယောကျ်ားတယောက် နောက်ကျောကို လက်ညှိုးထိုးရင်း "အဲ့ဒီကောင် သူ့ညစ္စာနဲ့ ငါ့ကိုစော်ကားသွားတာလေ" လို့ပြောတယ်။ ကျမကလည်း "နင်ကလဲဟယ် ငါ့ကိုအော်ခေါ် လိုက်တာမဟုတ်ဘူး" ဆိုပြီး စိတ်တိုတိုနဲ့ အဲ့ဒီကောင်နောက်ပြေးလိုက်တော့ ဒီကောင်က ကားတစီးပေါ်တက်ပြီးပါသွားပြီ။

"ကျမစိတ်ညစ်တာ တခုရှိတယ် ကျမတို့အိမ်ဘေးက အကိုကြီးပေါ့ ပခုံးပုတ်ပုတ်ပြီး စကားပြောတာ သူ့အကျင့်လားလို့ထင်တာ သူများကိုတော့ မ

---

၁၅ အင်တာဗျူး အမှတ် (၁) ဒီဇင်ဘာ ၂၀၀၃

၁၆ အင်တာဗျူး အမှတ် (၂၆) မေ ၁၂ ၂၀၀၄

လုပ်ဘူး၊ ကျမကိုပဲ အဲလိုလုပ်တာ၊ တခါတလေထိုင်နေရင်တော့ ပေါင်ကိုလာပုတ်တာမျိုးရှိတယ်၊ တခါတလေ သူ့ကကိုယ့်ထက် အရမ်းကြီးတော့ ပြောရခက်တယ်၊ နေလို့မတတ်ဘူးလေ" ၁၇

"ကျမက စားပွဲထိုးဆိုတော့ ပြန်ပြောရခက်တာတွေရှိတယ်။ ရှက်လည်းရှက်တယ်။ ကျမတခုခုသွားချပေးရင် သူတို့က အဲဒီပန်းကိုလှမ်းယူသလိုလိုနဲ့ ကျမလက်ကိုကိုင်တာ၊ နောက်ပြီး ပြုံးစေ့စေ့နဲ့ကြည့်တာ ကျမသိပ်စိတ်ညစ်တယ်။ အဲလိုရက်ပေါင်းကြာလာတော့ ကျမအလုပ် ထွက်ရမလားပေါ့၊ ဒါပေမယ့် ကျမတခြားအလုပ်ရှာမတွေ့ဘူး၊ နောက်ယောကျ်ားလေးတွေ အဖွဲ့လိုက်အစားအသောက်လာစားလို့ ကိုယ်က ဧည့်ခံရတော့မယ်ဆိုတာနဲ့ စိတ်ညစ်နေပြီ" ၁၈

"သမီးတို့ကျောင်းသွားတဲ့အချိန် ကောင်လေးတွေက တမင်တကာခလုတ်တိုက်ချင်ယောင်ဆောင်ပြီး သမီးကိုလာဖက်တယ်၊ သမီးလည်းပြန်တွန်းထုတ်လိုက်တော့ သူတို့အဖွဲ့တွေက ဝိုင်းလှောင်ပြီး မလွှတ်နဲ့ပြန်ဖက်ထားလိုက်ဆိုပြီး ဝိုင်းအော်ကြတာ အဲဒါတမင်သက်သက်လုပ်တာ သမီးလည်းရှက်လို့ကျောင်းတပတ်မတက်ဖြစ်တော့ဘူး"၁၉

"ကျမအမျိုးသားရဲ့ အချစ်ဆုံးသူငယ်ချင်းတယောက်ဆိုရင် အိမ်ကိုအမြဲတမ်း အဝင်အထွက်ရှိတယ်၊ တခါတလေ ကလေးကိုချီထားတာ အိပ်ပျော်သွားရင် အိမ်ယာထဲသွားသိပ်ပေးတဲ့အထိကို ရင်းနှီးကြတယ်၊ ကျမကတော့ ယောကျ်ားရဲ့ သူငယ်ချင်းတွေကို အမြဲတမ်း ဧည့်ဝတ်ကျေနိုင်ဖို့အတွက် ဧည့်ခံရတယ် တရက် ကျမယောကျ်ားခရီးထွက်သွားတော့ မနက်ပိုင်း သူရောက်လာတယ်၊ ကလေးရောလို့မေးပြီး ကျမနားအတင်းကပ်တာ သူ့လိင်တံနဲ့ ကျမကိုလာထိထားတယ် ယောကျ်ားမရှိလို့ကျမကို စော်ကားတာ ..."၂၀

ထိုသို့သော ကိစ္စရပ်များသည် မိမိတို့မြန်မာ့အသိုင်းအဝိုင်းတွင် အလွန်ဖေါဖေါသီသီ သုံးနှုန်းပြုထားသလိုပင် ခံစားရသည်။ ဥပမာအနေဖြင့် အချစ်လို့ဆိုသောအရာဆိုသည့်ဇာတ်လမ်းတခု၏ ကြော်ငြာတွင် ရုပ်ရှင်မင်းသမီး ထက်ထက်မိုးဦး ဘတ်စ်ကားစီးနေချိန်တွင် အနောက်မှ အမျိုးသားတစ်ယောက်မှ

---

၁၇ ဒီဒီနိုင်၊ ရန်ကုန် ဒီဇင်ဘာ ၃၀၊ ၂၀၀၃

၁၈ ချယ်ရီ တာချီလိတ် ဒီဇင်ဘာ ၃၀၊ ၂၀၀၃

၁၉ အင်တာဗျူး အမှတ် (၁) ဒီဇင်ဘာ ၂၀၀၃

၂၀ ထိုင်းနယ်စပ်ဆွေးနွေးပွဲမှတ်တမ်း ဇန်နဝါရီ ၂၀၀၄

ခါးတို့လိုက်သည့်အနေအထားများ၊ မိုက်မိုက်ပြည်၏ ကာတွန်းတအုပ်တွင်လည်း အမျိုးသမီး၏ အပျိုစင်လေးဘဝအား အရယူရန်ကြံစည်ကာ ချစ်ချင်ယောင်ဆောင်ခြင်း၊ ချစ်သူများ၏ ဘဝတွင်ကိလေသာစိတ်သက်သက်ကိုသာ ဦးစားပေး၍ ချဉ်းကပ်ခြင်းများကို အမျိုးသမီးပျိုများအတွက် ပညာရစေရန် ရေးသားထားသည်များ စသည့်စသည့် ဝတ္ထုတိုများ၊ ကာတွန်း၊ ပန်းချီနှင့် ရုပ်ရှင်ဇာတ်လမ်းတို့တွင်ပင် တွေ့မြင်နိုင်သည်။

ထိုပတ်ဝန်းကျင်တွင်ကြီးပြင်း အသက်ရှင်နေထိုင်ရသောအမျိုးသမီးများသည် နိစ္စဓူဝဝမ်းစာရေးအတွက် ကြိုးပမ်းနေကြရစဉ်တွင် ထိုထိုသော အကြောင်းအရာများကို ကြုံတွေ့ကြရသည်ပင်။ ထိုအဖြစ်အပျက်မျိုးသည် စီးပွားရေး ကြီးကြီးမားမားလုပ်ဆောင်နေသော သူများတွင်လည်း ဖြစ်ပေါ်တတ်သည်။ သာမန်လက်လုပ်လက်စားများ၏ ဘဝအခြေအနေများကဲ့သို့ပင် ကြုံတွေ့နေကြရသည်။ ထို့အပြင် နိုင်ငံရေးလုပ်နေသော အမျိုးသမီးများသည်လည်း ၎င်းတို့၏ လောကတွင် ထိုကဲ့သို့ အခြေအနေမျိုးကို ကြုံတွေ့ရင်ဆိုင်နေရပြန်သည်။ ထို့ကြောင့်မိမိတို့ အမျိုးသမီးများသည် ဘုံခံစားချက်ရှိသည်ဟု ပြောဆိုနေကြခြင်းပင်။ မည်သည့်အလုပ်အကိုင်ကိုလုပ်လုပ် အမျိုးသမီးများသည် ထိုအနှောင့်အယှက်များကို မည်သည့် အခြေအနေမျိုးတွင်မဆို ကြုံတွေ့ ကြရသည်ပင်။ "နိုင်ငံရေးခေါင်းဆောင်တချို့ သို့မဟုတ် အဲဒီ အသိုင်းဝိုင်းထဲမှာလည်း ဒါမျိုးတွေရှိတယ်။ ဥပမာ... ကျမတို့ တယောက်နဲ့တယောက်လက် ဆွဲနှုတ်ဆက်ကြတယ်ဆိုရင် ကျမတို့ လက်ဖဝါးကို လက်ညှိုးနဲ့ကုတ်ပြီး နှုတ်ဆက်တာ အဲဒီရဲ့ အဓိပ္ပာယ် မင်းနဲ့အိပ်ချင်လို့ဆိုတဲ့ အဓိပ္ပာယ်ရတယ်တဲ့" ဟု သူမ၏ ပြောဆိုချက်ကို နားထောင်နေသော အမျိုးသမီး ၃ ဦး တပြိုင်နက်တည်း ထောက်ခံ၍ "ကျမတို့လည်းအဲလိုကြုံဖူးတယ် ဒါပေမဲ့ အဓိပ္ပာယ်ကိုတော့ နားမလည်ခဲ့ဘူးတော်သေးတာပေါ့ ကျမလည်းမသိပဲနဲ့ စတယ်ထင်ပြီး လက်ပြန်ကုတ်မိရင် ဒုက္ခပဲ"[၂၂] ဟု တစုံတယောက်က ထပ်မံ၍ အတွေ့အကြုံ ဖလှယ် စဉ် ပြောပြခဲ့သည်။ ထိုကဲ့သို့ပြုလုပ်သူသည်လည်း နိုင်ငံရေးခေါင်းဆောင်ပိုင်းတွင် နေရာယူထားသူများဖြစ်သည်။ ထို့ပြင် ထိုသူများ၏ ရည်ရွယ်ချက်သည် အမျိုးသမီးရေးလှုပ်ရှားသူများအား စမ်းသပ်သည့်သဘောပါဝင်သည်ဟုလည်း သုံးသပ်လိုက်ကြပြန်သည်။

---

[၂၂] မြန်မာ့အမျိုးသမီးသမဂ္ဂ၏ ဦးဆောင်ပေါ်လစီကော်မတီဝင်များ၏ အတွေ့အကြုံ

ထိုအကြောင်းအရာနှင့်ပတ်သက်၍ အမျိုးသား ၂ ဦးအား မေးမြန်းခဲ့ရာ ထိုအမျိုးသားများက ယခုကဲ့သို့ ပြန်ပြောပြခဲ့ပါသည်။

"ကျနော်တို့ယဉ်ကျေးမှုမဟုတ်တဲ့ လက်ဆွဲနှုတ်ဆက်တဲ့အလုပ်ကို ကျနော်လည်းမလုပ်တဲ့အတွက်မသိဘူး၊ လုပ်တဲ့အမျိုးသားများရှိတယ်ဆိုရင်တော့ စနောက်ရုံသက်သက်ဖြစ်ပါလိမ့်မယ်၊ ကျနော်တို့အရှေ့တိုင်းသား တွေက အဲဒီလိုလုပ်ဖူးလားလို့မေးရင် စနောက်ရင်းနဲ့လုပ်မိကောင်း လုပ်မိပါလိမ့်မယ် ဒါကနားမလည်တဲ့လူအချင်းချင်းမှာ တဖက်ကနားလည်မှုလွဲပြီး အထကောက်လိုက်တာ ဖြစ်နိုင်ပါတယ်"[၂၂]

"အမျိုးသမီးတွေအနေနဲ့ လက်ဆွဲနှုတ်ဆက်တဲ့အချိန်မျိုးမှာ ဒါမျိုးတွေကြုံတတ်တယ်ဆိုတာ သိထားရင် အချင်းချင်းပြောထားဖို့လိုတယ်၊ ပြီးတော့ လက်ဆွဲနှုတ်ဆက်တာ မလုပ်ရင်ပြီးတာပါပဲ ကိုယ်လည်း အွန္တရာယ်လို့ထင်တဲ့ဟာက မကျရောက်တော့ဘူးပေါ့ နောက်တကယ်ပြောမယ်ဆိုရင် ဒါကျနော်တို့ယဉ်ကျေးမှုလည်းမဟုတ်ဘူး"[၂၃]

**(င) မိမိ၏ ခန္ဓာကိုယ်နှင့်ပတ်သက်၍ ဟာသသဖွယ်သဘောထား၍ ကဲ့ရဲ့လှောင်ပြောင်ခြင်း**



[၂၂] အင်တာဗျူး အမှတ် (၃၀) ဒီဇင်ဘာ ၂၀၀၄

[၂၃] အင်တာဗျူး အမှတ် (၃၀) ဒီဇင်ဘာ ၂၀၀၄

လူဆိုသော သတ္တဝါများသည် တဦးနှင့်တဦး အသားအရောင် အသွင်အပြင်၊ အတွေးအခေါ်နှင့် စရိုက်များတူချင်မှတူမည်ဖြစ်သည်။ အချို့သူများက ပြန်လည်ပြောနိုင်ဖွယ်ရှိသည် "နာမည်တူမရှား၊ လူတူမရှား" ဟူ၍၊ ဤသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ထိုအခြင်းအရာများကို နားလည်နေလျှင် မိမိတို့အနေဖြင့် လူတဦး တယောက်အား ဘဝပေးအခြေအနေကြောင့် ဖြစ်ပေါ်သည့် ပိန်ခြင်း၊ ဝခြင်း၊ ကိုယ်လက်အင်္ဂါမစုံခြင်း၊ တွေးခေါ်နိုင်သည့် စွမ်းအားနည်းပါးခြင်း၊ စွမ်းအားရှိခြင်းတို့အပေါ်အခြေခံ၍ ဟားတိုက်ရယ်မောပြောဆို၍ သူတပါးအား ကာယိန္ဒြေထိခိုက်စေအောင် ပြောင်နောက်ခြင်းများ မပြုလုပ်သင့်ပါ။ ထိုကဲ့သို့ပြုလုပ်ခံရသည့်သူများ၏ ခံစားချက်ကို နားထောင်ခြင်းအားဖြင့် သူတပါး၏ စိတ်ခံစားရေးရာများ မည်ကဲ့သို့ ထိခိုက်နစ်နာနေသည်ကိုတွေ့ရှိနိုင်ရန်အတွက် အချို့အသံများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

"ကျမတို့အိမ်နဲ့ မျက်စောင်းထိုးလေးမှာ အင်္ဂလိပ်စာပြတဲ့ ကျူရှင်တခု ရှိတယ်။ အဲဒီ အရှေ့နားမှာ အုတ်ခုံလေးလည်းရှိတယ်။ ကျူရှင်ဆင်းချိန်ဆိုရင် ကျမတို့ကျူရှင်က မဟုတ်တဲ့ ကောင်လေးတွေ၊ ရပ်ကွက်ကကောင်တွေက အဲဒီမှာထိုင်ပြီး မိန်းကလေးတွေကို လိုက်နှောင့်ယှက်တာ လိုက်ပြောင်တာတွေ၊ စကားလိုက်ပြောတာတွေ လုပ်တယ်။ တခါပေါ့ ကျမသူငယ်ချင်းတယောက်ကို စကားလိုက်ပြောလို့ ကျမလည်း မျက်နှာထားတင်းတင်းနဲ့ ပြန်ကြည့်လိုက်တာကို နောက်ပိုင်းအဲဒီကောင်က သူ့သူငယ်ချင်းတွေ ခေါ်လာပြီးတော့ အုတ်ခုံပေါ်စောင့်နေတာ ပြီးတော့လည်း အားလုံးက ဝိုင်းအော်ကြတယ် ဟာ ... ဟိုမှာ ဝက်မကြီးလာနေပြီ လူ့နတ်သမီးလေးနဲ့ ကျူရှင်ဆင်းလာတာ ဒီဝက်မကြီးနဲ့ အိပ်ရင် ဗိုးလာမှာ မဟုတ်ဘူးဆိုပြီး ချိုးချိုးပုံပုံပြောခံရဖူးတယ်"[၂၄]

"ကျမရည်းစားနဲ့ လမ်းလျှောက်နေတဲ့အချိန် ရပ်ကွက်ထဲက ကောင်လေးတယောက်ကတွေ့ပြီး သူ့အပွဲ့တွေကို သွားခေါ်ခဲ့တာ ပြီးတော့ ကျမကို ပြောကြတယ်၊ ခွေးစောင်းရယ် ကိုကို့ကို မြင်ရရဲ့လားကွယ် ပြောပြီး ကျန်တဲ့လေးယောက်က ဝိုင်းဟားကြတာ ကျမလည်းရှက်ရှက်နဲ့ဘာပြန်ပြောရမှန်း မသိဖြစ်နေတုန်း ... ကျမနဲ့လည်း သူတို့နဲ့ရန်ညိုးရန်စမရှိဘဲ အဲလိုပြောတာ ကျမနားမလည်နိုင်ဘူး၊ နာကျည်းတာလည်းအရမ်းပဲ။ အဲဒီနောက်ပိုင်း သမီးရည်းစားနဲ့တွေ့ရမှာ ရှက်ပြီး မတွေ့ဖြစ်တော့ဘူး။ ရည်းစားလည်းပျက်သွားတယ်။ ခုထိလည်း ကိုယ့်အားနည်းချက်လို ခံစားနေရပြီး ရည်းစားထပ်ထားရ

[၂၄] အင်တာဗျူး အမှတ် (၁၈) ဖေဖော်ဝါရီ ၂၀၀၄

မှာကို ကြောက်လွန်းလို့ အတွေးထဲကိုမထည့်ဖြစ်ဘူး။ ပါးစပ်သရမ်းတဲ့ ယောက်ျားတွေကိုတော့ ကျမအတော်လေးကို ကြောက်သွားတယ်''၂၃

''ကျမပုံစံတော့ တွေ့တဲ့အတိုင်းပါဘဲ အရပ်ကလည်းပေမမီထောက်မမီ၊ လက်ကလည်းတို၊ ခြေတံလည်း တိုတယ်ဆိုတော့ အပြောခံရတာများ ရက်ရက်စက်စက်ပဲ လူကသေးတော့ နနေတာကိုး အဲဒါကျမကို ကလေးမျက်နှာနဲ့ လူကြီး ... ဆိုပြီးပြောပေးတာ ဘယ်လောက် စိတ်နာ စရာကောင်းသလဲ အပြောခံရတုန်းက ဒီလိုမရယ်နိုင်ဘူး''၂၄

''ကျမကိုရည်းစားစကား ပြောဖူးတဲ့လူတယောက်က ကျမပြန်မကြိုက်တော့ သူ့သူငယ်ချင်းတွေနဲ့ ကျမကို နားမခံသာအောင်လုပ်ခဲ့တာ မင်းက ရှည်လွန်းတယ် သူကပုတော့ ခံနိုင်မှာမဟုတ်ဘူး မလိုက်တာဘဲ ကောင်းပါတယ်ဆိုပြီး ဒီထက်ညစ်ညမ်းအောင်ပြောလိုက်သေးတယ် ရှည်လို့သာသေရမယ်၊ လုံးပတ်ကတော့ အတော်ပဲဆိုပြီးပြောတယ်''၂၅

ဤပြောဆိုချက်များကြောင့် အမျိုးသမီးများရင်တွင်း ကိန်းအောင်းထားသည့် အခြေအနေသည်လည်း မကောင်းသကဲ့သို့ အမျိုးသားအားလုံးကိုရောနှောထည့်သွင်း၍ အထင်သေးတတ်သည်မှာ ခံစားရသူတိုင်း၏ စိတ်တွင် စွဲထင်နေတတ်သည့် အမှန်တရားပင်။ ထို့ကြောင့် မိမိတို့အနေဖြင့် အကျိုးမရှိသော လုပ်ရပ်များကို ရပ်တန့်သင့်သည့်အပြင် လူငယ်အများစု၏ လုပ်ဆောင်ချက်ဖြစ်သောကြောင့် အရွယ်အားဖြင့် ကျော်ဖြတ်လာခဲ့ကြသော အကိုပေါင်များက သားများ၊ ညီများအား ပြောဆိုဆုံးမသွန်သင်ခြင်းဖြင့် ငြိမ်းချမ်းသည့် လူ့အသိုင်းဝိုင်းအား တည်ဆောက်ပေးနိုင်သည်။

**(စ) အတင်းအဓမ္မ လိင်ဆက်ဆံရန်အတွက် ကြိုးစားသောင်းမှုကိုခြင်း**

အမျိုးသမီးများသည် အိမ်တွင်း၌ဖြစ်စေ၊ အိမ်ပြင်၌ဖြစ်စေ လုံခြုံမှုမရှိပါ။ အပျိုအရွယ်ဖြစ်လာသည်နှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုများမဖြစ်အောင် ထိန်းသိမ်းပါသော်လည်း မိမိမထင်မှတ်သောအိမ်တွင်းမှ ရန်သူသည် မိမိနှင့်အနီးစပ်ဆုံး၌ရှိနေတတ်သည်ပင်။ အမျိုးသမီးများသည် အရွယ်မရောက်ခင်မှာပင်လျှင် ထိုကဲ့သို့သော စိတ်အနှောင့်အယှက်များကို ခံစားရနိုင်ပါသည်။

---

၂၃ အင်တာဗျူး အမှတ် ( )

၂၄ အင်တာဗျူး အမှတ် ( )

၂၅ အင်တာဗျူး အမှတ် ( )



အမျိုးသမီးအများစုမှာ ယဉ်ကျေးမှုဟု တင်စားထားချက်များတွင် ပါဝင်သောအချက်တချက်ဖြစ်သည့် အိမ်တွင်းနေထိုင်ခြင်းကို လုံခြုံမှုရှိသည်ဟု ထင်မှတ်ကာ မိမိနှင့်တအိမ်တည်း၊ အိမ်နီးနားချင်းများကို သွေးသားမတော်စပ်သော်လည်း ယုံကြည်မှုပေး၍ ပွင့်လင်းစွာဆက်ဆံခဲ့သည်ကို အထာပေးသည်ဟု အမျိုးသားများက ထင်မှတ်ယူ၍သော်လည်းကောင်း၊ ကျူးလွန်လိုက်လျှင်လည်း ကောင်မလေးပြန်ပြောမည်မဟုတ်ဟု ထင်မှတ်ယူ၍သော်လည်းကောင်း ဘာမှမဖြစ်လောက်ပါဘူးဟု ထင်မှတ်၍ မိမိအရှိန်အဝါကို အကြောင်းပြု၍သော်လည်းကောင်း၊ အမျိုးသမီးများ၏ အင်အားနည်းမှုနှင့် မပွင့်လင်းမှုအပေါ် အခွင့်အရေးယူ၍ လိင်ဆက်ဆံရန် ကြိုးစားခံရတတ်သည်။

အမျိုးသမီး၏ ကာယိန္ဒြေကိုထိခိုက်စေသည်ကို သိသိနှင့်ကျူးလွန်ခြင်းပင်ဖြစ်သည်ကို တွေ့ရပါသည်။ ထိုကဲ့သို့ကျူးလွန်သူအများစုမှာ အသက်အရွယ်၊ အရှိန်အဝါနှင့် အင်အားမှာ အမျိုးသမီးများထက်ကြီးနေတတ်သည်ကို တွေ့ရပေမည်။ တချို့အခြေအနေတွင် မိမိချစ်ခင်နှစ်သက်သောသူမှလည်း ကာမဆက်ဆံရန် ကြိုးစားတတ်သည်ပင်၊ သို့သော်မိမိခွင့်ပြုချက်မရပါဘဲ မည်သူဖြစ်ဖြစ်ကြိုးစားခြင်းသည် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုတခုပင်ဖြစ်သည်။

"ကျမဒီအကြောင်းကိုပြောပြရမှာ နည်းနည်းတော့ရှက်တယ်၊ ကျမတို့အိမ်ဘေးက အကိုကြီးက ကျမတို့ အကိုနဲ့ရင်းနှီးတယ် ကျမတို့အိမ်ကို ခဏခဏလာလည်တယ် ကျမတို့နဲ့လည်းခင်နေပြီ၊ အဲဒါကျမအကိုမရှိတဲ့တရက်

ပေါ့ ကျမအကိုက ဆီစက်မှာ လုပ်ကူတာလေ အဲဒီနေ့ကညအလုပ်ဆင်းတာ အဲဒါကို အဲဒီအကိုကြီးကလာပြီး စကားလာပြောနေတာ ကျမလည်းမိုးချုပ်နေပြီလို့ပြောတော့ ပြန်စေချင်လို့လားတဲ့ အင်း ... အကိုလည်းမရှိလို့ပြန်ပြောတော့ ညီမလေးနဲ့ပဲ စကားပြောချင်လို့ဆိုပြီး ကျမကိုနမ်းတာ ကျမလည်း ပြန်ရုန်းတာပေါ့ ဒါနဲ့သူက ကျမကိုလှဲချလိုက်တာ ကျမလည်း ရှက်လည်းရှက် ကြောက်လည်းကြောက်တာနဲ့ မအော်ရဲဘဲပြန်တွန်းတာ အဲဒီလူကပြောတယ် ငါမင်းကိုချစ်နေလို့ဆိုပြီးပြောတယ် ကျမငိုလိုက်တာ မောင်လေးအသံကြားမှ သူက အိမ်ပေါ်က ပြန်ဆင်းပြီးသူကပြောတယ် ဒီကိစ္စကိုပြောရင်နင်ပဲ အရှက်ကွဲမှာနော်တဲ့ အတော်စော်ကားတာ တော်သေးတာပေါ့ ဘာမှမဖြစ်လို့ နောက်ပိုင်းတွေမှာတော့ သူ့ကိုဝေးဝေးရှောင်တာ တကယ်လည်း ကျမအိမ်ကို ပြန်မပြောရဲဘူး မောင်လေးလည်း မရိပ်မိဘူးထင်တယ်၊ ဘာမှမမေးဘူး”[၂၈]

“ကျမဒီအကြောင်းနဲ့ပတ်သက်လို့ ဘယ်သူ့ကိုမှမပြောပြပါဘူး၊ အဲဒီအတွေ့အကြုံမျိုးရှိခဲ့ဖူးပါတယ်။ ကျမဆရာက ကျမကို လိင်ဆက်ဆံဖို့ကြိုးစားခဲ့တာပါ။ ကျမတို့က တအိမ်တည်းနေတာ သူကသူ့မိသားစုရှိတယ်၊ ကလေးရော၊ မိန်းမရောပေါ့၊ ကျမအခန်းတံခါးတချပ်ကို လေရအောင် ဖွင့်အိပ်တတ်တယ်။ တရက်တော့ ဆရာက အခန်းထဲကို ဝင်လာပြီး လိင်ဆက်ဆံဖို့ကြိုးစားတယ်။ ကျမက ခွင့်မပြုဘူး ပြန်သွားဖို့ ဆရာ့ကိုကျမပြောခဲ့တယ်၊ သူကကျမကို အတင်းပဲ ကြိုးစားတယ်၊ ကျမလည်းငိုပြီး အော်လိုက်မယ်လို့ပြောမှ လန့်သွားတာနဲ့ လွှတ်ပေးတယ်၊ အဲဒါနဲ့ပတ်သက်ပြီးဘယ်သူ့ကိုမှမပြောဖို့ ဆရာက ကတိတောင်းခဲ့တယ်၊ ကျမကလည်း ကတိပေးခဲ့တယ်။ သူမိသားစုတခုခုဖြစ်သွားမှာစိုးလို့တဲ့၊ သူ့မိသားစုက ကျမတို့အိမ်မှာနေရတယ်လေ။ နောက် ကျမကိုယ်တိုင်လည်း ရှက်တာရော မပြောပြဖြစ်ခဲ့ဘူး၊ နောက်ကျမက အဖေနဲ့နေရတာကိုး ဘယ်လိုပြောပြမလဲ”[၂၉]

“ကျမဆယ်တန်းနှစ်တုန်းက ကြုံရတာရှိတယ်။ မြို့ပတ်ရထားနဲ့ကျမကျူရှင်တက်တာ၊ ဘူတာနဲ့အိမ်နဲ့ကဝေးတော့ လမ်းလျှောက်ရတာပေါ့၊ အဲဒီတုန်းက ဘူတာရုံနားမှာက လယ်ကွက်ကြီးနည်းနည်းရှည်တယ်၊ ခုမှအိမ်တွေဖြစ်ကုန်တာ၊ အဲဒီမှာလမ်းသရဲတွေခေတ်စားလို့ မိန်းကလေးတွေ ညနေပိုင်းဆို ရထားမစီးကြတော့ဘူး၊ အကိုတွေမောင်တွေပါရင်တော့သွားတာပေါ့နော်။

---

၂၈ ၂၀၀၃ ဒီဇင်ဘာ ၁၄ (အင်တာဗျူး)

၂၉ ၂၀၀၃ မတ် ၃ (အင်တာဗျူး)

ကျမကတော့ ၃ နာရီဆို ကျူရှင်ပြန်ပြီလေ။ ကျမတို့ကျောင်းက နေ့တဝက်ပဲ တက်ရတာကိုး ၈ နာရီကနေ ၁၂ နာရီထိလေ၊ နောက်ပိုင်းတော့ ကျူရှင်တက် ပြန်လာတော့၊ အဲဒီလမ်းနားမှာ အပင်အကြီးကြီးတပင်ရှိတယ်၊ အဲဒီကနေ ထွက်လာပြီး ရုတ်တရက် ကျမကိုဆွဲခေါ်သွားတာ လူကလည်းအရမ်းပြတ်နေ တာလေ၊ ကျမလည်းအော်တာပေ့ါ၊ ကျမကိုပါးစပ်လည်းပိတ်၊ အရမ်းလည်းဆွဲ တာ၊ အဲဒီလူအရက်လည်းသောက်ထားတယ်ဆိုတော့၊ အားကတော့ အတော် သန်တယ်၊ ကျမအင်္ကျီကရင်ဖုံးက နှိပ်သီးနဲ့ဆိုတော့ ပြုတ်ကုန်တာပေ့ါ ကျမ လည်းရုန်းလည်းရုန်း၊ ဆဲလည်းဆဲ နောက်ဆုံးတော့ ကလေးတွေဆော့ပြီး ပြေး လာတာ သူတွေ့ပြီး ထွက်ပြေးသွားတာ ကျမအဲဒီကိစ္စနဲ့ ပတ်သက်ပြီး အတော် လေးနာမည်ပျက်သွားသေးတယ်” ၃၀

“သမီးရည်းစားဆိုတာ နမ်းတာ၊ ဖက်တာလောက်ပဲကောင်းတာပေ့ါ အဲလိုမျိုးက ကိစ္စမရှိဘူးလေ၊ ဒါပေမယ့်သူက ဒို့ကိုအတူနေဖို့ပြောတော့ ဒို့ ကလဲ လက်ထပ်ဖို့ပြောတယ်ပဲထင်တာ၊ နောက်ကျတော့ ဒို့ကိုလိင်ဆက်ဆံဖို့ ကြိုးစားတော့တာပဲ၊ ဒို့ကခွင့်မပြုတော့ သူကသူ့ကိုတကယ်မချစ်လို့ဆိုပြီး ဒို့ ကို နောက်ပိုင်းစိတ်ဆိုးပြီး မခေါ်တော့ဘူး၊ ဒို့ခုအိမ်ထောင်ကျတဲ့ထိပဲ ကောင်း တာပေ့ါ၊ ဒို့လည်းသူ့ကိုရှောင်တာဘဲ အတော်တော့ ကြောက်စရာကောင်း တယ်” ၃၁

“ကျမက ထမင်းဆိုင်မှာ အလုပ်သမားဆိုတော့ ဆိုင်ရှင်ခိုင်းတာ အကုန် လုပ်ရတယ်။ သူတို့ထမင်းဟင်းကို ဆိုင်မှာချက်တာမဟုတ်ဘူး၊ သူတို့ခြံအကြီး ကြီးတခုမှာချက်တာ ပြီးမှဆိုင်ကို ယူသွားတာ၊ ကျမကလည်း အဲဒီမှာ ချက် ပြုတ်ကူခဲ့ရတာ၊ ကျမကို သူဌေးရဲ့ယောက်ျားက ခဏနေဦးဆိုလို့နေပါတယ်ဆိုမှ လာဖက်နမ်းပြီး အတင်းစားပွဲပေါ်လှဲချတာ ကျမလည်းအရမ်းရုန်းပြီးငိုတယ်။ အော်လည်းအော်တယ် ဟင်းသယ်တဲ့ကားက ထွက်သွားတော့ ဘယ်သူမှမရှိ တော့ဘူး၊ အဲဒါ ကျမလည်း လက်ထဲခဲတလုံးကို စမ်းမိတာနဲ့ သူ့ကိုထုလိုက်တာ အဲဒီလူကြီးကျမကို လွှတ်လိုက်တာနဲ့ ထွက်ပြေးတာ၊ အဲဒီနေ့ကစပြီး ကျမ အလုပ်မဆင်းရဲတော့ဘူး” ၃၂

“အရင်တုန်းက ဒို့နဲ့အဲဒီတယောက်က သမီးရည်းစားဖြစ်ခဲ့တယ်၊ ဒို့

၃၀ ၂၀၀၃ ဇန်နဝါရီ ၂၀ (အင်တာဗျူး)

၃၁ ၂၀၀၃ မတ် ၃ (အင်တာဗျူး)

၃၂ ၂၀၀၃ နိုဝင်ဘာ ၆ (အင်တာဗျူး)

တွေ့အိမ်ထောင်ကျပြီး မတွေ့ဖြစ်တာ ၆ နှစ်ရှိသွားပြီ၊ ပြန်တွေ့တော့လည်း သူငယ်ချင်းလည်းဖြစ် ရည်းစားလည်း ဖြစ်ခဲ့ဖူးတော့ ဒီလိုပဲပြန်ခေါ်ကြတာပေါ့ ဒို့အမျိုးသားက ဆုံးသွားတာကို သူက ကူညီသလိုနဲ့ ဒို့ကိုအမြဲကြံစည်တာ၊ ဒို့ကမုဒိန်းမှုဖြစ်နိုင်တယ်ဆိုပြီး အတင်းတွန်းတာ ဒို့အိမ်ထဲမှာဖြစ်သွားတယ် ဆိုရင် ဒို့ကိုဘယ်သူကယုံမှာလဲ သူကလည်း ဝင်ထွက်နေတာလေ၊ တကယ်လို့ သာဖြစ်သွားရင် ဒို့နဲ့သူကြားမှာ မကျေလည်လို့ဖြစ်တာလို့ ထင်ကြမှာသေချာ တယ်၊ တော်သေးတာပေါ့ ဒို့ရုန်းထွက်နိုင်လို့" [၃၃]

အမျိုးသမီးများ၏ ဘဝအခြေအနေသည် ယုံပြန်လျှင်လည်း ယုံတာကို မဆင်ခြင်တာကိုးဟု ပြစ်တင်ခံရအုံးမည်။ မယုံပြန်လျှင်လည်း ဘာဖြစ်တာလဲ လူတဖက်သားကို သိက္ခာချလိုက်တာ လူတိုင်းဒီလိုစိတ်ဓာတ်ရှိတာမဟုတ်ဘူး ဟု အပြစ်တင်ခံရပြန်သေးသည်။ ဘယ်အခြေနေမှမလွတ်မြောက်ပါ။ ထို့ကြောင့် အမျိုးသမီးများမှာ စိတ်ရင်းဖြူစင်စွာဖြင့် မိမိနှင့်ရင်းနှီးသူများအားလည်း ကောင်း၊ မိမိခင်ပွန်း၊ အကို၊ အဖ၊ မောင်များနှင့် ရင်းနှီးသူများအား ကောင်းမွန် စွာ ပြောဆိုဆက်ဆံခြင်းသည်ပင်လျှင် အခွင့်အရေးပေးခြင်းဟု သတ်မှတ်ထား သည် လားမဆိုနိုင်၊ ထိုအခြေအနေမျိုးကို အခွင့်အရေးဟု ယူဆခဲ့ကြသည်။

ထိုသို့ ရင်းနှီးစွာ မဆက်ဆံပြန်လျှင်လည်း လူကိုများ ဘာထင်နေလဲမသိ ဘူး၊ တကယ့်မှာလုံး သူ့လုပ်စာထိုင်စားနေသလိုပဲ ဟုလည်း ဆိုတတ်သေးသည်။ ထခါ တရံချစ်သူပင်မထားဖြစ်သေး၊ ယောကျ်ားဆိုသည့် သတ္တဝါများ၏ ဆက်ဆံ ပြုမူသည့်ပုံများအား မကြုံကြိုက်၍သော်လည်းကောင်း၊ အခြားသူများ၏ယောကျ်ား များနှင့် ပတ်သက်၍ တွေ့ကြုံခဲ့သည်များကို ပြောပြချက်များကြောင့်သော်လည်း ကောင်း၊ အမျိုးသမီးများမှာ အမျိုးသားများ၏ အသုံးခံမဖြစ်လို၍ ထိန်းသိမ်းရင်း၊ သံသယများစွာကျော်ဖြတ်ရင်း အပျိုကြီးဘဝအဖြစ် အရိုးထုတ်လျှင်၊ အမျိုး သားများနှင့် ခပ်ကင်းကင်းနေလျှင် ဒါကြောင့်အပျိုကြီးဖြစ်တာပေါ့ဟု အပြော ခံရတတ်သည်ပင်။ ဘယ်လိုနေနေ မိန်းမတွေရဲ့ဘဝက အပြောလွတ်တယ်ကိုမရှိ ဘူး၊ မိန်းမဆိုတာကလည်း နေတတ်မှတော်ကာကျတာ၊ မဟုတ်ရင် ကျားစာဖြစ် သွားမယ်ဟု မိမိ၏ အဒေါ်တဦးက ဆုံးမခဲ့ဖူးသည်ကို သတိရမိပါသည်။

---

[၃၃] ၂၀၁၄ ဇွန် ၇ (အင်တာဗျူး)

**(ဆ) တယ်လီဖုန်းဖြင့် ပေါ့ပေါ့ဆဆ စကားများပြောဆိုခြင်း၊ မိမိစိတ်အား အနှောင့် အယှက်ပေးခြင်း**

ဆက်သွယ်ရေးခေတ်ကြီးတွင် တယ်လီဖုန်းတခုထားရှိရန်အတွက် လူ အတော်များများ ကြိုးစားကြသည်ပင်။ အချို့သောသူများသည် ပျော်ရွှင်စွာ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ကြသော်လည်း အချို့သောသူများ မှာ တယ်လီဖုန်းကြောင့်စိတ်အနှောင့်ယှက်ဖြစ်ကြရသည်။ အထူးသဖြင့် စိတ် အနှောင့်အယှက်ဖြစ်ရသူအများစုမှာ အမျိုးသမီးများဖြစ်သည်။ ကျမ၏ သူငယ် ချင်းအမျိုးသားတစ်ဦးက မိမိအား စသလိုနှင့်ပြောခဲ့ဖူးသည့် စကားတခွန်းရှိပါ



သည်။ မိန်းကလေး တွေရဲ့အသံကြားရင် ငါဖုန်းချလိုက်ရမှာ နှမြောတယ်ဟာ ဟုဆိုခဲ့ဖူးသည်။ ထို့အပြင် မိန်းကလေးတယောက်၏ ဖုန်းနံပါတ်ရထားပါက ငွေကုန်ကြေးကျ အကုန်ခံ၍ နောက်ပြောင်ခြင်းများ ပြုလုပ်တတ်ကြသည်။

စနောက်သည်ဟုဆိုရာတွင် ကာယိန္ဒြေထိခိုက်စေသည်အထိ ပြောဆို ခြင်းကား စနောက်ခြင်းမဟုတ်တော့ပဲ တဖက်သားအား ဖြေရှင်းရန်လွယ်ကူ သော အသုံးအနှုန်းအဖြစ်သုံးနှုန်း၍ တာဝန်မဲ့ပြောဆိုခြင်းဖြစ်သည်ကို နား လည်သင့်ပေသည်။

ထို့အပြင်အချို့သူများက ပါးစပ်အရသာခံ၍ အမျိုးသမီးများအား မ ကြားနာဝံ့သည့် စကားများအား ဖုန်းထဲတွင်မေးမြန်းပြောဆိုခြင်း၊ တန်ဖိုး ဖြတ်ခြင်းများကိုပင်ပြုလုပ်တတ်ကြသည်။ အနေအထားအရ တယောက်နှင့် တယောက်မမြင်ရသော်လည်း မိမိ၏ ကာမစိတ်ပြေပျောက်ရန်အတွက် ရည်

ရှယ်ချက်သက်သက်ဖြင့်၊ တဖက်သားအား ကာယိန္ဒြေထိခိုက်အောင် ငွေကြေး အကုန်ခံ၍ နှုတ်ဖြင့်ကာမစိတ်အား ဖြေဖျောက်တတ်ကြပြန်သေးသည့် အခြေ အနေမျိုးများအားလည်း တင်ပြထားပါသည်။

ထိုအခြေအနေများအား အချို့သူများက ဖုန်းသရဲဟုဆို၍ အလွယ်တကူ မေ့ထားတတ်သည်များလည်း တွေ့ရတတ်ပြန်သည်။ အချို့သောသူများက မိမိနှစ်သက်သည့် အမျိုးသမီးများအား စိတ်အနှောင့်အယှက်ဖြစ်စေသည်အ ထိ အကြိမ်ကြိမ်ဖုန်းခေါ်ခြင်းကို ပြုလုပ်တတ်သည်။ လူတဦးအားချစ်ခင်၍ ကြိုး စားရာတွင် တဖက်သားအား စိတ်အနှောင့်အယှက် ပေးသကဲ့သို့ ခံစားရလျှင် ချစ် ခင်၍မဟုတ်ဘဲ တဖက်သားအား အကျဉ်းအကျပ်ထဲသို့ တွန်းပို့နေသည်ကို သတိထားမိရန်လိုသည်။ ထိုကဲ့သို့ပြုမူခြင်းသည်လည်း တဖက်သား၏ ကာယိ န္ဒြေအား ထိခိုက်စေနိုင်သည်ကို သတိပြုမိရန်လိုအပ်ပေသည်။ ထိုကဲ့သို့လုပ် ဆောင်ပုံ အမျိုးမျိုးရှိသည်များအနက် အချို့၏စကားသံများအား ဖော်ထုတ် လိုက်ပါသည်။

"ပြောချင်နေတာမှ ဟိုဖက်ကမ်းတောင်လွန်ရော ကျမဖုန်းဝယ်ပြီး ၂ လ လောက်ကြာတော့ ဖုန်းပိတ်ထားလိုက်ရတယ်။ ကောင်တကောင်လိုက်နှောင့် ယှက်နေလို့လေ၊ ဘယ်လောက်ပဲ ပေးရပေးရ အိပ်မယ်ဆိုပြီးမှလေ အတော် မိုက်ရိုင်းတာ ကျမကလည်း သူ့ဖုန်းကိုမှတ်မလို့ပါဘဲ ဒါပေမဲ့နောက်ပိုင်းတော့သိ သွားတယ်၊ လမ်းဘေးဖုန်းဖြစ်မယ်၊ ဖုန်းနံပါတ်ပေါ်လာတိုင်း တခါခေါ်တမျိုးပဲ ဖုန်းဝယ်ထားတာမြန်မာပြည်နဲ့ ဆက်သွယ်ရလွယ်အောင်လို့ပါဆို ဂျိုကောင် တွေနဲ့မှ တိုးနေရတယ်၊ ဖုန်းရှိတာတောင်မှ စိတ်ညစ်လွန်းလို့ နောက်ပိုင်းတော့ လမ်းဘေးဖုန်းဘဲသုံးရတော့တယ်၊ လိုအပ်လာတဲ့အခါ သိပ်စိတ်တိုတာပဲ" ၁၆

"ကျမတို့တစုံတယောက်ရဲ့ ဖုန်းကိုစောင့်နေတုန်းမှာ ဖုန်းလာတော့ ထိုင်း လိုပြောတယ်။ ကိုင်တဲ့သူကလည်း ထိုင်းစကားမတတ်တာနဲ့ကျမကိုပေးတော့ ကျမကိုင်လိုက်တယ်။ ဖုန်းကိုင်တော့ အဲဒီကောင်က ခုနက ဖုန်းကိုင်တာ အ သက်ဘယ်လောက်လဲပေါ့၊ ပြီးတော့ ကျမကိုလည်း ယောကျ်ားရှိလား၊ အသက် ဘယ်လောက်လဲ ဆိုပြီး စမေးတယ်၊ အတော်ရိုင်းရိုင်းစိုင်းစိုင်းတွေလည်း ပြော တယ်။ သူအိပ်ချင်တယ်ဆိုတဲ့အကြောင်းကိုလေ အသံတွေလည်း မျိုးစုံလုပ်ပြီး အော်နေတယ်။ ကျမသူ့နာမည်မေးတော့ အမှားကြီးပြောပြတာ ကျမလည်း စိတ်တိုတိုနဲ့ ပြန်ဆဲပစ်လိုက်တယ်၊ သူ့လိပ်စာကလည်း ကျမတို့အိမ်နားကပဲ

၁၆ ၂၀၀၇ ဖေဖော်ဝါရီ ၃ (အင်တာဗျူး)

လေ ဒါနဲ့ကျမလည်းအိမ်ဘေးက သူငယ်ချင်းကိုပြေးပြီး သူနာမည်နဲ့လူကိုသွားမေးကြည့်တော့ သူ့ကိုလည်း လွန်ခဲ့တဲ့ရက်က အဲလိုဖုန်းပြောပြီး ပြောခဲ့တယ်လို့ ပြန်ပြောပြခဲ့တယ်” [၃၅]

“ကျမကိုလူတယောက်က လိုက်ကြိုက်နေတာ ခဏခဏလည်းသူ့နဲ့အပြင်ထွက်ဖို့ ဖုန်းနဲ့ပြောတယ်။ ကျမလည်းအစကတော့ ယဉ်ယဉ်ကျေးကျေးပဲ ပြန်ပြောပေမယ့် နောက်ပိုင်းကျတော့ စိတ်က တိုလာတာနဲ့ ဒီဖုန်းကိုမဆက်ဖို့နဲ့ ကျမကိုယ်တိုင်လည်း အပြင်မလိုက်နိုင်ကြောင်း ပြန်ပြောလိုက်တယ်။ ပြောပြီး ဖုန်းပိတ်လိုက်တယ်။ ဖုန်းပိတ်ပြီးသိပ်မကြာခင်မှာဘဲ သူကျမနေတဲ့ အဆောင်ကိုရောက်လာပြီး တံခါးလာခေါက်တယ် ဒီလိုအနှောင့်အယှက်ပေးနေတာ အတော်ကြာပြီ၊ လုပ်ငန်းတွေကရှိနေတော့ ဖုန်းကပိတ်ထားလို့မရဘူးဖြစ်နေတာ၊ ကျမ ၁ လကျော်လောက်အထိ အဲဒီပြဿနာရင်ဆိုင်ရတာ ဖုန်းကိုင်ရင် ကိုင် မကိုင်ရင် အဆောင်လာပြီးတော့ တံခါးခေါက်တာ။ တကယ်စိတ်ညစ်ရတာလေ ဒါမျိုးက တယောက်မက ကျမတို့အဆောင်မှာ ကြုံနေရတာ အခုတော့အတော်ကလေးငြိမ်းသွားပါပြီ၊ အရင်တုန်းကဆိုရင် ဖုန်းလာတာနဲ့ စိတ်ပျက်နေပြီ အဲဒီလူများလားဆိုပြီးတော့လေ” [၃၆]

## (၉) တမင်တကာကြံစည်၍ မိမိတို့အား မြင်စေသောနေရာတွင် အမျိုးသားများ လိင်စိတ်ဖြေနေသည်ကို ပြသခြင်း



တမင်တကာ အမျိုးသမီးများ မြင်သာစေရန် လိင်စိတ်ဖြေပြခြင်းသည် မြန်မာစကားပုံတခုကဲ့သို့ နှိုင်းယှဉ်ပြော ဆိုရမည်ဆိုပါလျှင် ယိုသူမရှက် မြင်သူရှက် ဆိုသည့် စကားပုံ ကို အသုံးပြုလိုပါသည်။ ကိုယ့်ပစ္စည်းနဲ့ ကိုယ်ဘာဖြစ်လဲဟု ပြန်ပြောစရာ ဖြစ်သော်လည်း သူတပါး

[၃၅] ၂၀၀၇ ဖေဖော်ဝါရီ ၄ (အင်တာဗျူး)

[၃၆] ၂၀၀၇ ဇန်နဝါရီ ၂၄ (အင်တာဗျူး)

အား မြင်သာအောင် လုပ်ဆောင်ခြင်းမှာ သင့်တော်သည့်ကိစ္စမဟုတ်သည်ကို လူသားတိုင်း နားလည်နေသော ကိစ္စတရပ်ဖြစ်သည်။ အရှက်တရား၊ သိက္ခာ တရားနှင့် သစ္စာတရားဆိုသည်ကို လက်ကိုင်ပြု၍ အမျိုးသမီးရော အမျိုးသား များပါ ရှင်သန်နေကြသည့်လူ့လောကတွင် ဤအကြောင်းအရာများကို မသိ ကျိုးကျွံပြု၍ ကျူးလွန်ခြင်းသည် အမျိုးသမီးများ၏ ကာယိန္ဒြေထိခိုက်စေခြင်းပင် ဖြစ်သည်။

"ကျမတို့သူငယ်ချင်းတွေနေတဲ့ ရပ်ကွက်က ကားဂိတ်နဲ့နီးတယ်။ ကား ဂိတ်တွေမှာ ထုံးစံအတိုင်း ကွမ်းယာဆိုင်တွေရှိတယ်။ အဲဒီကွမ်းယာဆိုင်က လမ်း ၃ ခွနားမှာပေ့ါ။ ပြီးတော့ ကျမတို့အိမ်သွားတဲ့လမ်းက မီးပျက်တာများ တော့ နည်းနည်းမှောင်တယ်။ အိမ်တွေတော့ ရှိတာပေ့ါနော်။ ကျမတို့သူငယ် ချင်း ၃ ယောက်က အမြဲတမ်းမီးလာလာမလာလာ အဲဒီလမ်းကြားကနေပြန် ရတာ၊ ဒီတော့ ပုဆိုးလှန်ပြီးမှလုပ်ပြတာ ပြီးတော့ မီးမှောင်တဲ့နေ့ဆို ဓာတ်မီး ကိုသူ့ပစ္စည်းတည့်တည့်မှာ ထွန်းထားပြီး လုပ်ပြတာ ကျမတို့မှာ ရွေးစရာလမ်း မရှိတော့ စိတ်ပျက်တာ ခဏခဏပဲ။ မမြင်ချင်ယောင်ဆောင်ပြီး သွားတာပါတဲ့။ ဒါပေမယ့်သိနေတော့ အရမ်းစိတ်ပျက်တာပါပဲ၊ အကိုတွေကလည်း ၃ ယောက် လုံး တယောက်မှမရှိဘူး၊ လမ်းမှာဖြတ်သွားဖြတ်လာရှိတာကို တွေ့ရင်တော့ ကျမတို့ ၃ ယောက်အတွက် အပျော်ဆုံးပေ့ါ အဲလိုလူတွေရှိနေရင် မတွေ့ရတတ် ဘူး၊ ကျမတို့ဒီလမ်းလာနေကျဆိုတာကို သိထားပုံရတယ် အိမ်မှာတော့ တခါမှ ပြန်မပြောပြဖြစ်ဘူး၊ ရှက်လို့" ၃၇

"ဆောင်းတွင်းတရက် မနက်အစောကြီး ကျူရှင်သွားချိန်မှာပေ့ါ ကျူ ရှင်ကားဂိတ်မှာဆင်းတော့ ကျမသူငယ်ချင်းက တုန်တုန်ရီရီနဲ့ လက်ဆွဲပြီး ပြောလာတယ်။ "ကားပေါ်မှာ ငါ့ရှေ့က လူကြီးက သူ့ပုဆိုးကွင်းပေါက်ထဲကနေ သူ့တန်ဆာထုတ်ပြီးငါ့ကိုပြတယ်။ ငါကြောက်လိုက်တာ" • လို့ပြောတယ်။ ကျမ လည်းနောက်ဆို ကျမကိုချက်ချင်းပြောဖို့ပဲ ပြောလိုက်နိုင်တော့တယ်။"

"ရန်ကုန်ကသိတဲ့အတိုင်း မိုးချုပ်လေကားကပိုကြပ်လေပဲ ကားကြပ်ရင် ခါးပိုက်နှိုက်ကိုလည်းကြောက်ရတယ်လေ၊ အပြန်မှာ ကားကြပ်ကြပ်ကို တိုးစီး လာတော့ လူတယောက်က ပေါင်ကိုကိုင်နေသလိုခံစားရတယ်၊ သေသေချာချာ ကြည့်တော့ဟုတ်နေတယ်။ ဒါနဲ့အဲဒီလူနဲ့ဝေးအောင် အထဲတိုးတော့ သူလည်း

---

၃၇ ၂၀၀၄ မတ်လ (အင်တာဗျူး)

• မင်ညှာ

လိုက်တိုးတယ်။ ထပ်တိုးစရာနေရာလည်းမရှိတော့ဘူး၊ သူနဲ့ကွယ်တဲ့နေရာမှာရပ်နေတာ သူက လူကတော့ အနားကပ်မလိုက်ပေမဲ့ သူ့လက်က ငါ့ပေါင်ကို ပွတ်လိုက်သပ်လိုက်လုပ်နေတာပေါ့၊ ဘေးက အမကြီးကိုလည်း မပြောရဲ၊ အဲဒီလူကိုလည်း မကြည့်ရဲ အဲလိုကြောက်နေမှန်းသိတော့ ကိုယ်တော်ချောက ပိုကဲလေပေါ့လေ၊ မျက်နှာကလည်း ပြုံတီတီနဲ့ စိတ်ညစ်လိုက် မုန်းလိုက်တာ ဆိုတာမပြောပါနဲ့တော့၊ ဒါပေမဲ့ ဘာမှပြန်မလုပ်ရဲဘူး၊ အသက်ကလည်း ၁၇၊ ၁၈ လောက်ဘဲရှိသေးတော့၊ သူ့ကိုတောင်ပြန်မကြည့်ရဲဘူး၊ အဆောင်မြန်မြန်ပြန်ရောက်ဖို့ပဲ ဆုတောင်းနေမိတယ်။ နောက်မှတ်တိုင်လည်းရောက်တော့ မြန်မြန်ဆင်းတာပေါ့၊ ဒါတောင် ကိုယ်တော်က ကားအနောက်ထိလိုက်လိုက်ပြီး ထီးတချောင်းကိုကိုင်ပြီး တာ့တာတွေပြသေးတယ်။ ဘယ်လောက်အသဲယားစရာကောင်းလည်းဆိုတာ အဲဒီထီးက ကျမထီးပါဘဲ။ ကျမ အဆောင်ကိုပြန်ရောက်ပြီးငိုတော့ သူများတွေက ကျမထီးပျောက်လို့ငိုတယ်ပဲ ထင်ကြတယ်လေ၊ ပြန်ပြောပြရမှာရှက်လို့။ ”•

“တညနေကျောင်းကအပြန် ဘတ်စ်ကားပေါ်မှာပေါ့ ... အဖိုးကြီးတယောက် အသက်တော်တော်ကြီးနေပြီ၊ ကျမပေါင်ကို သူ့တန်ဆာနဲ့ထောက်တာလေ၊ ကျမလည်း ဒရိုက်ဘာ ဦးလေးကြီးကို အော်ခေါ်ပြီး ကားရပ်ခိုင်းလိုက်တယ်။ ကားဒရိုက်ဘာကြီးက “ဘာလဲ၊ ဘာဖြစ်လို့လဲ ကလေးမ” ဆိုပြီး ကားနောက်ထဲကူးလာတော့ “ဒီလူကြီးသားသမီးချင်း ကိုယ်ချင်းမစာ သူ့ပစ္စည်းနဲ့ ကျမကိုထောက်နေတယ်။ အခုကားပေါ်ကဆင်းခိုင်းပါ၊ ဦးလေးကြီး” လို့ပြောလိုက်တယ်။ ဒရိုက်ဘာကြီးက “ခင်ဗျား အခုကားပေါ်ကဆင်း”လို့ပြောတော့ ဆင်းသွားပြီး အောက်လည်းရောက်ရော မကျေမနပ်နဲ့ကျမကို အော်ဆဲလိုက်တာ မိုးမွှန်းရောဘဲ။ အိမ်ပြန်ရောက်တော့အမေ့ကို ပြောပြတော့ အမေက “သမီးရယ် ... ဘာလို့အဲဒီလို လူသိသူသိဖြစ်အောင်အော်ရတာလဲ၊ ရှက်စရာကြီး” လို့ပြောတယ်။ “ရှက်ရမှာက အဲ့ဒီလူ သမီးမဟုတ်ဘူး” လိုပြောတော့ အမေက “သမီးရယ်မျက်နှာကို ဘလိပ်ဒါးလှီးသွားရင် ဘယ်နှယ်လုပ်မလဲ” လို့ပြောတယ်။ အဲ့ဒီကာလက ခါးပိုက်နှိုက်တွေ ဘလိပ်ဒါးလှီးတာတွေခေတ်စားတဲ့အချိန်လေ၊ ကျမအမေကိုပြန်ပြောလိုက်တယ်။ “ဒီလိုမဟုတ်မတရားရမ်းကားတာ ငြိမ်ခံနေရင်လုပ်လို့ရတယ်ထင်ပြီး ဒီယောကျ်ားတွေပို

---

• ခင်ညွှာ

• ခင်ညွှာ

သောင်းကျန်းမှာပေါ့၊ သမီးတော့မကြောက်ပါဘူး'' • ''ကျမတို့အဖွဲ့ အိမ်တအိမ်ကိုသွားပြီး ကိစ္စတခုကို အကျိုးအကြောင်း ပြောပြနေတာ သိပ်မမှတ်မိတော့ဘူး၊ ဘာအကြောင်းလဲဆိုတာ၊ အဲဒီအိမ်ကအမကြီးရဲ့ယောကျ်ားက ကျမတို့ကိုမြင်အောင် အခန်းတံခါးဖွင့်ထားပြီး ခုံတခုံပေါ်မှာထိုင်ပြီး လုပ်ပြနေတာ၊ ကျမတို့နဲ့ဆို မျက်နှာချင်းဆိုင်ပေါ့၊ သူ့မိန်းမက အခန်းကို ကျောပေးထားတာကိုး မသိဘူးပေါ့၊ ကျမတို့ကလည်းမျက်နှာပူပြီး ဘာလုပ်ရမှန်းတောင်မသိလို့ ကျမတို့အဖွဲ့ထဲက လူတွေကတော့ တယောက်ပြီးတယောက်သိကုန်တာ၊ နောက်ပိုင်းမမြင်သလိုမျက်နှာလွှဲပြီး စကားပြောရတာပေါ့။ အကြောင်းအရာပြီးတာနဲ့ ပြန်ကြတော့မလို့ လုပ်တော့၊ သူ့အမျိုးသမီးသုတ်ထားတဲ့ လက်ဖက်သုတ်ကိုတောင်မစားနိုင်ကြဘူး၊ စိတ်ပျက်လိုက်တာလွန်ရော။ သူ့မို့မရှက်တာ'' ၃၈

''ဥစ္စာပြဆိုတာနဲ့လည်း ကြုံခဲ့ဖူးပါတယ်၊ ကျောင်းတက်တော့ ရန်ကုန်သမိုင်းဝင်းထဲမှာဆိုတော့ စာတိုက်အနောက်မှာ အားကစားရုံအဟောင်းကြီးတခုရှိတယ်။ တရက်ညနေလမ်းလျှောက်ရင်း အဲဒီအားကစားရုံကြီးနားရောက်သွားတော့၊ သူ့ပစ္စည်းကို ပယ်ပယ်နယ်နယ်ကိုင်ပြီးပြနေတာကိုတွေ့လို့၊ ကျမတို့ သူငယ်ချင်းတစု ထွက်ပြေးခဲ့ဖူးပါတယ်''

''ကျမကျောင်းသွားတက်တော့၊ ကျောင်းဒေါင့်နားက အဖိုးကြီးတယောက်က သူ့ပစ္စည်းကိုကိုင်ပြီး လျှောက်လုပ်နေတာတွေ့တယ်။ အစကတော့ ဦးနှောက်မကောင်းဘူးလို့ထင်တာ၊ အဖိုးကြီးက လူလာရင်လည်း လိုက်လိုက်ရယ်ပြနေတာကိုး၊ နောက်ပိုင်းအဲဒါကိုကျမတွေ့တော့ အတော်လေးရှုံ့သွားတယ်၊ ဒါပေမဲ့ ကျမတယောက်တည်းလားဆိုတော့ မဟုတ်ဘူး၊ ကျမသူငယ်ချင်းတွေနဲ့ သွားတဲ့အချိန်လည်း အဲလိုပဲလုပ်ပြနေတယ်။ သူ့ဘာသာသူလုပ်တာ မမြင်ချင်ယောင်ဆောင်သွားရမှာကိုက အလုပ်တခုလိုဖြစ်နေတယ်။ သူ့နားက ဖြတ်မသွားရတဲ့ လမ်းတခုရှိရင်ကောင်းမှာပဲ မှန်းလိုက်တာ'' ၃၉

''ကျောင်းသားခေါင်းဆောင်ဟောင်းကြီးတယောက်ပါ။ အနောက်နိုင်ငံမှာနေတာ နည်းနည်းကြာတော့လည်း လက်ဆွဲနှုတ်ဆက်တဲ့ ယဉ်ကျေးမှုနဲ့ကျမမစိမ်းတော့ပါဘူး၊ တနေ့တော့ မြန်မာ့ဒီမိုကရေစီအစည်းအဝေးပွဲတခုမှာဒီလူက ကျမကို လက်ဆွဲနှုတ်ဆက်တယ်လေ၊ အဲ့ဒီမှာ ရိုးရိုးမနှုတ်ဆက်ဘဲ သူ့လက်ညှိုးနဲ့ ကျမလက်ဖဝါးကိုကုတ်တာ၊ အဲ့ဒီအထာရဲ့ အဓိပ္ပာယ်ကိုသိတဲ့ ကျမ

---

၃၈ ၂၀၀၄ ဇန်နဝါရီ (အင်တာဗျူး)

၃၉ ၂၀၀၄ မတ်လ (အင်တာဗျူး)

လည်း ဒေါသဖြစ်ဖြစ်နဲ့ လက်ကိုဆတ်ကနဲ့ရုတ်ပြီး ခပ်တင်းတင်းပဲ သူ့ကို စိုက်ကြည့်လိုက်တော့ ဒီလူရယ်ကျဲကျဲနဲ့ နောက်ဆုတ်တန့်သွားတယ်၊ ကျမလည်း အဲဒီအချိန်ကစပြီး ဒီလူ သူ့ကိုယ်သူ ဘယ်လောက်ပဲ ကိုယ်ရည်သွေးပြီး ကျောင်းသားခေါင်းဆောင်ကြီးရယ်လို့ တတွင်တွင်ကြွေးကြော်နေပေမဲ့ ကျမကတော့ သူ့ကိုတချက်ကလေးမှ လေးစားလို့မရတော့ဘူး" •

တော်လှန်ရေးထဲရောက်ပြီး နှစ်အတော်ကြာပြည်ပနိုင်ငံတခုမှာ ထမင်းစားပွဲကြုံတယ်၊ တော်လှန်ရေးထဲက လူကြီးတယောက်ပါပဲ၊ ထမင်းစားပွဲမှာ ဝိုင်းထိုင်ကြတော့ စားပွဲအောက်ကနေ ကျမခြေထောက်ကို တချိန်လုံးလိုက်ထိုးနေပါရော။ အစကတည်းက ကျမကိုကြည့်တဲ့ပုံစံကို ကျမမကြိုက်ခဲ့တာ ခုလိုကျတော့ပိုဆိုးတာပေါ့၊ ပါးစပ်ထဲက ထွက်ကျခါနီးစကားလုံးတွေ အတင်းမြိုချပြီး ကျမလည်း ထမင်းစားပွဲထဲက ထသွားလိုက်တော့တယ်။ •

အမျိုးသားတဦးက ထိုအကြောင်းအရာနှင့်ပတ်သက်၍ ယခုကဲ့သို့ ပြောပြသည်။

"ဒီလိုလုပ်ပြတာတွေကို ကျနော့်အမြင်ပြောရင် လိင်စိတ်ဖြေပြတယ်လို့ မထင်ဘူး၊ လိင်စိတ်ပါလာအောင် ဆွဲဆောင်တာဖြစ်နိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ဒါမလုပ်သင့်မလုပ်အပ်တာပါဘဲ။ တကယ်လို့ အဲဒါကို အမျိုးသမီးတွေ ကာယိန္ဒြေထိခိုက်တာမျိုးဖြစ်တယ်ဆိုရင်တော့လည်း ဟုတ်တယ်လို့ပဲပြောရမှာပေါ့။ သူများရှေ့မှာ မသင့်လျော်တဲ့နည်းတွေသုံးတယ်ဆိုရင်ပေါ့ဗျာ လူမြင်ကွင်းမှာ မလုပ်သင့်တာပဲ" [၄၀]

ထိုကဲ့သို့ပြောဆိုသည့်အမျိုးသားအများအပြား မိမိစကားပြောရာတွင် ထောက်ခံပြောဆိုတတ်သည်ကိုတွေ့ရသော်လည်း ထိုအမျိုးသားများကိုယ်တိုင် ပြန်လည်ကျူးလွန်ခဲ့သည်ကို နီးစပ်ရာအချို့သော အမျိုးသမီးများ၏ ပြောပြချက်အရ ပြန်လည်သိရှိရပါသည်။

## (၇) အမျိုးသမီးများအား မြင်စေရန်ရည်ရွယ်၍ မသင့်လျော်သောပုံများကို ပြသခြင်း၊ ချိတ်ဆွဲထားခြင်း

မိမိတို့လူ့အသိုင်းဝိုင်းတွင် အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ မသင့်

---

၄၀ ၂၀၀၄ နိုဝင်ဘာ (အင်တာဗျူး)

• ခံညှာ



လျော့သောပုံများကို မြင်ခြင်းအားဖြင့် အရှက်တရားကိုခံစားရသည်ပင်။ ထိုကဲ့သို့ညစ်ညမ်းသော ပုံများအား ရေးဆွဲပြသသူများသည်လည်း အများအားဖြင့် အမျိုးသားများဖြစ်သည်ကိုတွေ့ရပါသည်၊ ၎င်းပုံများသည် လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်း၏ ပတ်ဝန်းကျင်ကိုညစ်ညမ်းစေသည့်အပြင် မသင့်တော်သော အပြုအမူဖြစ်သည်ကို သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ၊ ပြုလုပ်တတ်ကြသည်။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ အချို့အမျိုးသားများစကားဝိုင်းတွင် "ပုံဆွဲတာကလည်း စိတ်ဖြေခြင်း တစ်မျိုးပါဘဲ ဒါအပြစ်မှမဟုတ်တာ ဘယ်သူ့ကိုမှလည်းစော်ကားတာမှမဟုတ်တာ" ဟုပြောဆိုတတ်ကြသေးသည်။

မိမိတစ်ဦးတည်းအတွက် မိမိဘာသာကြည့်ရန် ပုံရေးဆွဲခြင်း၊ သို့မဟုတ် ပညာပေးလုပ်ငန်းများ လုပ်ဆောင်ခြင်းများနှင့် ကွဲပြားစွာနားမလည်သည်ကို မိမိတို့အသိုင်းအဝိုင်းတွင် တွေ့ရှိတတ်ပါသေးသည်။ ထို့ထက်ဆိုးဝါးသည်မှာ ကလေးငယ်များ မသိနားမလည်ဘဲ မသင့်လျော်သောပုံများကိုကြည့်၍ အတုခိုးလုပ်ဆောင်ခြင်းများ ဖြစ်လာနိုင်သောကြောင့် ကလေးများ၏ သင်ယူတတ်စဉ်းနောက်အား မှတ်ဉာဏ်တခုထည့်ပေးလိုက်သကဲ့သို့ ဖြစ်တတ်သည်ကို လုပ်ဆောင်သူများ အနေဖြင့် သိရှိထားရန် လိုအပ်ပါသည်။ မည်သည့်လူသားမဆို တချိန်ချိန်တွင် မိသားစုတာဝန်ကို မလွဲမသွေ ထမ်းဆောင်ရမည်ဖြစ်သည်ကိုသတိချပ်သင့်ပေသည်။ ထိုသို့အများ မြင်သောနေရာတွင် ညစ်ညမ်းပုံရေးဆွဲခြင်းကို မြင်တွေ့ရဖူးသူတို့ကလည်း ဆွေးနွေးတင်ပြကြပါသည်။

"ကျမက ဘောလုံးပွဲဝါသနာပါတဲ့သူဆိုတော့ ပြောပြရအုံးမယ် ဘယ်သူ

လုပ်သွားသလဲဆိုရင်တော့ ကောင်လေးအုပ်စုတစုက ဝိုင်းဟားပြီး ဘောလုံးကွင်းကိုကာထားတဲ့ နံရံကြီးမှာ ပုံတွေကိုရေးဆွဲနေကြတာ၊ မိန်းမကိုယ်ပုံနဲ့ ယောကျ်ားကိုယ်ပုံတွေပေါ့၊ ပြီးတော့ကျမတို့ဖြတ်လာတဲ့အချိန်မှာ ဘယ်တယောက်နဲ့တူသလဲဆိုပြီး ဝိုင်းဟားနေကြသေးတယ်၊ အစကတော့ သဘောမပေါက်ဘူး၊ နောက်မှလက်ညှိုးနဲ့ထောက်ပြီးပြောတော့မှ ကြည့်မိလိုက်တာ ပုံကလည်းအတော်ကြီးတယ်၊ မီးသွေးခဲနဲ့ဆွဲထားတာ ကျမလည်းရှက်ရှက်နဲ့ မိုက်ရိုင်းလိုက်တာ ကောင်စုတ်တွေလို့ပြန်ပြီး ပြောလိုက်တာ" ၆၁

"ကျမစာအုပ်ငှားနေကျဆိုင်မှာ အမျိုးသားတစ်ယောက်က အဲဒီနေ့မှာ ထိုင်တယ် အဲဒီဆိုင်ကလူပါပဲ။ ဆိုင်ရှင်ပဲပေါ့။ အရင်တုန်းကတော့ သူ့ညီမထိုင်တာ၊ ကျမနဲ့တောင် အတော်ရင်းနှီးနေပြီ ကျမဘာစာအုပ်ကြိုက်တတ်လဲဆိုတာတောင် သူကသိနေပြီ။ အဲဒီနေ့က အဲဒီ လူထိုင်တဲ့နေ့မှာ ကျမကိုပြောတယ်။ ဒီစာအုပ်လေးဖတ်ကြည့်ပါလားဆိုပြီး၊ စာအုပ်ထဲက ပုံကိုလှန်ပြတယ်။ ကြည့်လိုက်တော့ ကိုယ်တုံးလုံးနဲ့ အမျိုးသမီးပုံ အမျိုးမျိုးဘဲ ကျမအတော်လေး စိတ်တိုပြီး ရှင်ကျမကို ဘာအောက်မေ့နေလဲလို့ပြောပြီး စာအုပ်မငှားဘဲပြန်လာခဲ့တာ" ၆၂

"ကျမက အီးမေးလ်သုံးတဲ့သူဆိုတော့ အတွေ့အကြုံတခုပြောပြမယ်၊ ကျမကျောင်းတက်တဲ့အချိန်မှာ ယောကျ်ားလေးတစု အင်တာနက်မှာ လိင်ပိုင်းဆိုင်ရာပုံတွေ လျှောက်ကြည့်ကြတယ်။ ကွန်ပျူတာတိုင်းမှာဘဲ သူတို့က ဘယ်လိုလုပ်ထားလဲမသိဘူး။ အချိန်နဲ့သုံးရတယ်ဆိုတော့ ကိုယ်ကွန်ပျူတာသုံးဖို့ဖွင့်လိုက်တာနဲ့ အဲဒီပုံတွေက ပေါ်လာတော့တာဘဲ အစတုန်းက ဘာပုံတွေလဲပေါ့ နောက်ပိုင်း ခဏခဏဖြစ်လာတော့ အရမ်းစိတ်ဆိုးပြီး သူငယ်ချင်းတွေကို ပြောပြတယ်။ စိတ်အနှောင့်အယှက်လည်းဖြစ်တယ်၊ သူငယ်ချင်းတွေကလည်းပြောတယ်။ အဲလိုမျိုးသူတို့သုံးတဲ့ ကွန်ပျူတာမှာလည်းရှိတယ်တဲ့။ ဘယ်လောက်အကျင့် မကောင်းလဲဆို ကြည့်ချင်ရင်ကိုယ့်ဘာသာ ကြည့်ကြပေါ့။ ခုတော့သူများတွေကို မမြင်မြင်အောင်လုပ်တာကတော့ အတော်လေးမကောင်းပါဘူး။ ဘယ်သူလုပ်လဲဆိုတာတော့ အတိအကျမသိဘူးပေါ့လေ" ၆၃

"ကျမအိမ်ကို ကျမလိပ်စာနဲ့ စာတစောင်ရောက်လာတယ်။ စာကတော့

---

၆၁ ၂၀၀၄ ခန့်နှုတ်ဝိ (အင်တာဗျူး)

၆၂ ၂၀၀၄ မသော်ဝိဒ် (ဆွေးနွေးပွဲမှ ကောက်နုတ်ချက်)

၆၃ ၂၀၀၄ နီလင်းဟ (ဆွေးနွေးပွဲမှ ကောက်နုတ်ချက်)

ညစ်ညစ်ပတ်ပတ်တွေရေးထားလို့ ဆက်မပတ်ဖြစ်ဘူး၊ အစတော်ကိုညစ်ညမ်းတာ၊ နောက်ပန်းချီတွေပါတယ်။ အဲလိုပဲ ညစ်ညစ်ညမ်းညမ်းတွေ ပို့တယ်၊ ဘယ်ကောင်က လက်ကမြင်းလိုက်သလဲကိုမသိတာ၊ အရမ်းစိတ်ပျက်ဖို့ကောင်းတယ်"

အမျိုးသားတစ်ဦးမှ ပြောဆိုချက်အရ ...

"သူငယ်ချင်းတယောက်က လုပ်ဖူးတယ် ယောက်ျားလေးတွေကတော့ အချင်းချင်းကျတော့မေးတာ၊ ပြတာတို့လုပ်ကြတယ်၊ ကျနော်တို့ကျောင်းမှာ အပျိုကြီးဆရာမတစ်ယောက်ရှိတယ်။ စာမေးပွဲအချိန်ဆိုတော့ သူကလည်း ကျောင်းသူ၊ ကျောင်းသားတွေရဲ့ အိပ်ကပ်တွေကိုနှိုက်ပြီး ဘာပါလဲဆိုတာ အမြဲတမ်းရှာလေ့ရှိတယ်။ ဒီတော့ ကျနော့်သူငယ်ချင်းကတော့ သူ့အင်္ကျီအိတ်ကပ်ထဲမှာ စာရွက်တခုကိုထည့်ထားလိုက်တယ်၊ ကိုယ်တုံးလုံးပုံပေါ့၊ ဆရာမလည်း အိတ်ကပ်နှိုက်ရှာရော တွေ့သွားတာပေါ့၊ အပျိုကြီးဆိုတော့ ရှက်ပြီး ဘာမှတော့မပြောတော့ဘူး။ နောက်စာမေးပွဲခန်းလည်းဖြစ်နေတာကိုး၊ ဒါပေမဲ့ တော်တော်လေး အံ့ဩသွားတာမျိုးဖြစ်ကြတာပေါ့။ အဲဒီခေတ်တုန်းကဆိုရင်တော့ မြန်မာပြည်လိုနေရာမျိုးမှာတော့ အဲလို ကိုယ်တုံးလုံးပုံဆိုတာရှိတာ ရှားတယ်လေ" [၅၅]

ယခုတင်ပြဆွေးနွေးသွားသည့် အချက်များမှာ ခံစားရသူများ၏ အသံများ၊ အခြေအနေများအား လေ့လာသုံးသပ်ခြင်းအားဖြင့် ပြုပြင်ပြောင်းလဲရမည့် ကိစ္စရပ်များနှင့် အချင်းချင်းအပြန်အလှန် နားလည်ပေးမရန် လိုအပ်သည့်အခြေအနေတရပ်ကို သုံးသပ်မိမည်ပင်ဖြစ်သည်။

ဤအခြေအနေကိစ္စရပ်များသည် ချက်ခြင်းပြုပြင်ပြောင်းလဲ၍ လွယ်ကူသောကိစ္စရပ်များမဟုတ်သည်ကို နားလည်ကြမည်ပင်။ တယောက်စကားတယောက်နားမှာ ပြောရုံလောက်ဖြင့် ဆင်ခြင်သွားကြလိမ့်မည်ဟု မမျှော်လင့်ပါ။ လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်ရန်အတွက် ဥပဒေကိစ္စရပ်များနှင့်သာ ပြုပြင်ပြောင်းလဲသွားနိုင်မည်ဖြစ်သဖြင့် ဥပဒေပိုင်းအား ဆက်လက်ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။ ဥပဒေပိုင်းများအား မတင်ပြမီတွင် မြန်မာ့ယဉ်ကျေးမှုအား ညစ်ညမ်းစေသည့် အခွင့်ကောင်းယူ စနောက်မှုတချို့အား ဦးစွာတင်ပြလိုပါသည်။

---

၅၅ ၂၀၀၄ နိုဝင်ဘာ (အင်တာဗျူး)

## (ည) မြန်မာ့ယဉ်ကျေးမှုဟုဆို၍ ကာယိန္ဒြေထိခိုက်စေခြင်း။



မြန်မာ့အသိုင်းအဝိုင်းတွင် အမျိုးသမီးတယောက် သို့မဟုတ် အမျိုးသားတယောက်အပေါ်တွင် ကာယိန္ဒြေပျက်လောက်သည်အထိ နှောင့်ယှက်မှုမျိုးဖြစ်သည်အထိ လုပ်ဆောင်သည့် အမူအကျင့်နှင့် ပြောဆိုမှုများအား အနည်းအကျဉ်းတင်ပြလိုပါသည်။ မြန်မာ့ရိုးရာသင်္ကြန်တွင်းအခြေအနေများအား ဥပမာ ပြ၍တင်ပြလိုပါသည်။ သင်္ကြန်ကာလတွင် အကိုများနှင့်၊ အမျိုးသားသူငယ်ချင်းများ၊ အများအားဖြင့် ညီမများ၊ အမျိုးသမီးသူငယ်ချင်းများနှင့် အတူမလည်ပတ်ချင်ဘဲရှိကြသည်။

သူတို့၏ အကြောင်းပြချက်မှာ သင်္ကြန်တွင်းမှာပျော်ချင်တာ ရန်ဖြစ်ချင်တာမဟုတ်ဘူး နင်ဖာသာ သီးသန့်သွားဟုဆိုကာ ခေါ်သွားခြင်းမပြုသည်ကများသည်။ သင်္ကြန်တွင် အမျိုးသားအချင်းချင်း အများအားဖြင့် ခိုက်ရန်၊ ဒေါသဖြစ်ခြင်းမှာ နမချင်းမစာနာ၊ စနောက်ခြင်း၊ ထိတွေ့ကိုင်တွယ်ခြင်းများကြောင့်သာ ပြဿနာဖြစ်ကြသည်ကများသည်။

ဥပမာ (၁) အမျိုးသမီးအားရေလောင်းသည့်အခါတွင် အင်္ကျီလည်ပိုက်အား အနည်းငယ်ဟ၍ ရေလောင်းပြီး ကျောကုန်းအား ကြာမြင့်စွာပုတ်နေခြင်း၊ အမျိုးသမီးမှာ ပြန်ပြောရန်ခက်ခဲ၍ ခပ်မြန်မြန်လမ်းလျှောက်လျှင် ဖြိတ်ဖြိတ်၊ စပ်ဖြဲဖြဲရုပ်များဖြင့် ပြန်လည် ကြည့်၍ ဘော်ဒီကလည်းတောင့် လိုက်တာဟု စတင်၍ မဖွယ်မရာ ပြောဆိုတတ်ကြသည်။ အချို့ကားများဖြင့် လည်ပတ်တတ်သော အမျိုးသမီးအုပ်စုများကို တခါတရံ တဘက်၊ ပုဝါများဖြင့် လွှမ်းခြုံ၍ ရေ မွှမ်းအောင်ပြုလုပ်ပြီး၊ နမ်းလိုက်သည်များ၊ ရင်သားများကိုင်တွယ်လိုက်သည်များလည်းရှိတတ်သည်။ မည်သူကပြုလုပ်လိုက်သည်မသိဘဲအမျိုးသမီးမှာ ရှက်ရှက်နှင့် ပြန်ပြောရန် ခက်တတ်ကြသည်။

ရေပိုက်များဖြင့် ပက်သည့်အခါတွင်လည်း ရင်သားများနေရာ၊ အမျိုးသမီးအင်္ဂါနေရာများတွင်သာ ချိန်ထိုး၊ ဟားတိုက်၍ပက်ခြင်းများစသည့် ကိစ္စ

ရပ်များသည် တမင်တကာရည်ရွယ်၍ ပြုလုပ်ခြင်းသည် အမျိုးသမီးများအား ကာယိန္ဒြေထိခိုက်အောင်ပြုလုပ်ခြင်းပင်ဖြစ်သည်။ ထိုအခြေအနေများကြောင့် အမျိုးသမီးများသည် ပွဲလမ်းသဘင်များ၊ ရိုးရာပွဲများရှိသည်ပင်လျှင်၊ သွားဖို့ သင့်မသင့်၊ မိဘ၊ အကို၊ မောင်များထံမှ ခွင့်တောင်းနေရခြင်းဖြစ်သည်။

နောက်တချက်မှာ အမျိုးသားငယ်လေးများကို မိန်းမကြီး (အသက် ၄၀ ကျော်) များက သကြိန်ကာလ ဆော့ကြသည့်အခါတွင် ဝိုင်းဖမ်း၍နို့တိုက်ခြင်း မျိုး၊ ပုဆိုးဝိုင်းချွတ်ခြင်းများကို အချို့နေရာ၊ ဒေသများတွင် စနောက်သည့်ဓလေ့ အဖြစ်တည်ရှိနေသည်ကို တွေ့မြင်နိုင်သည်။ ထိုအခြေအနေမျိုးတွင် အမျိုးသား ငယ်များအတွက် အရှက်ရစေတတ်သကဲ့သို့ အပြင်ထွက်ရန် ချောင်းမြောင်း၍ ပြေးထွက်တတ်သည်။

မိမိခွင့်ပြုချက်မရပါဘဲ မိမိခန္ဓာကိုယ်အား စနောက်သည့်အနေဖြင့် ထိ တွေ့ကိုင်တွယ်ခြင်းသည်လည်း ကာယိန္ဒြေထိခိုက်စေခြင်းပင်ဖြစ်သည်။ ယဉ် ကျေးမှုတွင် မကောင်းသောအပြုအမူ အလေ့အထများကို ခွင့်ပြုသတ်မှတ်ထား ခြင်းမျိုးမရှိဟု ပြောနိုင်ပေသည်။ မည်သို့ပင်ဆိုစေကာမူ အချို့သော အပြုအမူ များသည် ယနေ့အခြေအနေအရ လူတစ်ဦးတယောက်ကို ထိခိုက်နိုင်သည်။ သို့တည်းမဟုတ် ထိခိုက်သည်ဟုယူဆပါက ယင်းကို ပယ်ဖျက်ရန် အထူးလို အပ်လာသည်ဟု သုံးသပ်ပါသည်။ ရံဖန်ရံခါတွင် ပြုလုပ်သူများက သတိမထား တတ်သည်များလည်း ရှိတတ်ပေသည်။ အမျိုးသားများနှင့် တွေ့ဆုံမေးမြန်း ကြည့်သည့်အခါတွင်လည်း သူတို့တွင်အပြစ်မရှိ၊ စနောက် ခြင်းသက်သက် သာဖြစ်သည်ဟု ပေါ့ပေါ့ပါးပါးပြောတတ်ကြသေးသည်။

# အခန်း(၃)

## ၅။ ဥပဒေပိုင်းဆိုင်ရာနှင့် ကာယိန္ဒြေထိခိုက်စေခြင်း အကြောင်းရင်းအကျဉ်း။

၂၀ ရာစုနှစ်ပိုင်းမှစတင်၍ လူသားတိုင်းသည် လွတ်လပ်မှုကိုပိုမိုလိုလားလာသကဲ့သို့ ထိုကဲ့သို့လိုလားမှုကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဖော်ထုတ်လာကြသည်။

ထိုအခါလူသားများအား အတိုင်းထက်အလွန် "ဒါငါတို့ရဲ့လွတ်လပ်မှုပဲ" ဟုပြောဆို၍ လုပ်ရှားလာမည့်ကိစ္စရပ်များသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးများကို ထိခိုက်လာစေနိုင်သောကြောင့် အလွန်အကျွံမဖြစ်မိစေရန် ဥပဒေများဖြင့် ကာကွယ်ပြဋ္ဌာန်းခြင်းကို ပြုလုပ်ထားကြပါသည်။ ထိုဥပဒေဆိုသည်မှာလည်း လူသားတို့၏ အကျိုးအား လုံခြုံမှုရှိစေရန်နှင့် ကာကွယ်ပေးနိုင်ရန်၊ လုံခြုံမှုအတွက်နေ့ခင့်အယှက်ပြုသူများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် စဉ်းစားရေးဆွဲထားသည့်အပြင် လုပ်ပိုင်ခွင့်များကိုပါ သီးသန့်ချမှတ်ပေးထားပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရမှ အစ၊ ပြည်သူအားလုံးသည်၊ ဥပဒေ၏လက်အောက်တွင်ရှိသည်။

ဥပဒေဆိုသည်မှာလည်း မျက်နှာကြီးငယ်၊ လုပ်ငန်းကြီးငယ်ရွေးချယ်၍ ပြဋ္ဌာန်းခြင်းမျိုးမဖြစ်သင့်ဘဲ တရားမျှတသောအသွင်သို့ဆောင်၍ ရေးဆွဲရန်လိုအပ်ပါသည်။ ထိုကဲ့သို့ဖြစ်ရန်အတွက် လူ့အဖွဲ့အစည်းတွင်းမှ အမှန်တကယ်လို အပ်နေသောကိစ္စရပ်ဟု ပေါ်လွင်နေသည့် အကြောင်းအရာကိုသာ အခြေခံထား၍မရပါ။ လူ့ယဉ်ကျေးမှု၏ ပြောင်းလဲမှုအရ လူသားတို့၏ တောင်းဆိုချက်သည် ပညာအရည်အချင်းတိုးတက်လာသည်နှင့်အညီ လိုအပ်ချက်အသစ်များ ပေါ်လာနိုင်သည်။

လိုအပ်နေခဲ့သည်မှာ အချိန်ကြာပြီဖြစ်သော်လည်း မလုပ်ဆောင်ရသေးသည့် ကိစ္စရပ်များအား သေချာစဉ်းစားလုပ်ဆောင်ပေးရန်အတွက် ဥပဒေရေးသားခွင့်ရှိသော ပြည်သူ့ကိုယ်စားလှယ်များအနေနှင့် လွန်စွာသတိထားလုပ်ဆောင်နေကြသည်။ ထို့ကြောင့် လူသားတို့၏ လိုအပ်ချက်ကို ကိုယ်စားပြုနိုင်ရန် လူ့အသိုင်းအဝိုင်းတွင်ရှိသည့် အနိမ့်၊ အမြင့်၊ အလယ်အလတ် စသည့်လူတန်းစားလွှာအသီးသီးနှင့် ရင်းနှီးကျွမ်းဝင်မှသာ မည်သည့်လူတန်းစားမှ မည်သည့်

အရာကို လိုအပ်သည်ကို သိရှိမှသာ ကိုယ်စားပြု၍ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ တနည်းအားဖြင့် လူ့အသိုင်းအဝိုင်းအနေဖြင့် ကိုယ်စားပြုနိုင်မည့်သူများ ဖြစ်နိုင်ပေမည်။

ယခုအချိန်ထိ လူ့အဖွဲ့အစည်းတွင် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းဟူသော စကားအား တွင်တွင်သုံးကာ အမျိုးသမီးများအား လူ့အဖွဲ့အစည်းအတွင်းမှ ဒုတိယလူတန်းစားဟုသတ်မှတ်၍ အမျိုးသမီးများအား ကာကွယ်ပေးနိုင်သည့် ဥပဒေများ ရှားပါးနေသည်ကို တွေ့နိုင်ပါသည်။ ထိုကဲ့သို့ဖြစ်ရခြင်းသည် ဥပဒေရေးဆွဲသူများ လူ့အဖွဲ့အစည်းတခုလုံး လိုအပ်ချက်ကို မပြုလုပ်နိုင်သောကြောင့်ဖြစ်သည်။

ထို့ကြောင့်အမျိုးသမီးများအတွက် လူမှုလောကသည် လုံခြုံစွာနေထိုင်လုပ်ဆောင်နိုင်သည့် နေရာဒေသဖြစ်လာစေရန်အတွက် ဥပဒေဖြင့် သေချာပြဋ္ဌာန်း၍ ကျင့်သုံးနိုင်ရန်အထူး လိုအပ်လျှက်ရှိသည်။ ကမ္ဘာတဝှမ်းတွင် အမျိုးသမီးများ၏ဘဝကို ကာကွယ်ပေးနိုင်ရန် ဥပဒေသည် အရေးတကြီးလိုအပ်လျှက်ရှိသကဲ့သို့ လူ့အသိုင်းဝိုင်း၏ လက်ခံမှုအမြင်များ ပြောင်းလဲသွားမည့် အခြေအနေတရပ်လည်း လိုအပ်နေသည်ကို အမျိုးသမီးများနှင့်ဆွေးနွေးထားသည့် စကားများနားထောင်ခြင်းဖြင့်သိနိုင်ပါသည်။

## ၆။ ဥပဒေနှင့်ပတ်သက်သည့် ဆွေးနွေးမှုများ

ကာယိန္ဒြေထိခိုက်စေခြင်းနှင့်ပတ်သက်ပြီး အမျိုးသမီးများအား လုံခြုံစွာ ကာကွယ်ပေးနိုင်မှုမှာ ဥပဒေဖြစ်သည်ဆိုလျှင် ထိုအတွက်ဥပဒေရှိသင့်မရှိသင့်ကို ပြန်လည်၍ ဆွေးနွေးကြပါသည်။ ထိုအခါ…

“ဥပဒေဟာ ကိစ္စရပ်အားလုံးအတွက်သာလုပ်နေရင် တရားရုံးတွေတော့ အလုပ်လုပ်နိုင်မှာမဟုတ်ဘူး။ ကိုယ်ထိလက်ရောက်မလုပ်ဘူးဆိုရင်တော့ ဥပဒေအရ အရေးယူဖို့ခက်လိမ့်မယ်။ ပါးစပ်နဲ့စော်ကားတာမျိုးတော့ ဥပဒေပြုသင့်ပါတယ်၊ အပြုလုပ်ခံရတဲ့သူက စော်ကားတာမျိုး ခံစားရတယ်ဆိုရင်တော့ ဥပဒေနဲ့ကာကွယ်သင့်တယ်၊ ဥပမာ… ဝတ်စားတာကလည်း ဖာသယ်တန်းကလိုဆိုတဲ့ဟာမျိုးတွေ နှုတ်ခမ်းကို နီရဲအောင်ဆိုးထားတာမျိုးဆိုရင် ဘယ်ဖာသယ်တန်းက ဆိုပြီးနှိုင်းတာမျိုးဆိုရင်တော့ သူတို့ကိုတကယ်နစ်နာစေတယ်လေ။ နောက်တခုက ကာယိန္ဒြေပျက်ပြားစေတဲ့ကိစ္စဆိုရင်တော့ ဥပဒေနဲ့ ပြဋ္ဌာန်း

တာထက်စာရင် အမျိုးသမီးတွေကို အဲလိုအခြေအနေမျိုးကနေ ဘယ်လိုကျော်ဖြတ်အောင်ဖြတ်သန်းမလဲဆိုတာမျိုး လုပ်နိုင်အောင် ကြိုးစားရင်ပိုကောင်းမယ်ထင်တယ်" •

"ဥပဒေက ရှိနေဖို့လိုအပ်တယ်၊ တခုတော့ရှိတာပေါ့လေ ကျမတို့တွေ ဥပဒေလို့ပြောတာနဲ့ အခက်အခဲတွေအများကြီးရင်ဆိုင်ရတယ်။ အမျိုးသမီးတွေကလည်းနည်းနည်းရှိ ဥပဒေလို့အပြောခံရတယ်။ ကျမတို့ကလည်း အိမ်မှာတောင် ပြန်တိုင်ဖို့ခက်တာ၊ တရားရုံးကြီးနဲ့ရင်ဆိုင်ရ သွားရ၊ လာရ၊ အမေးအဖြေလုပ်ပြီး အမှုရုံးတယ်ဆိုရင်ဘဲ လက်ပမ်းကျသွားပြီ။ ကျမတို့မှာက မောပမ်းရတာ အချိန်ပေးရတာတွေလည်းရှိနေတယ်။ ဖြစ်နိုင်ရင် တရားရုံးတောင်သွားချင်တာမဟုတ်ဘူး။

ဒါပေမဲ့အိမ်မှာပြန်တိုင်ရင်တော့ ဘာလုပ်လို့ရမှာလဲ ကျမအတွေ့အကြုံတခုကို ပြောပြရမယ်ဆိုရင်တော့ ကျမအလုပ်က ပြန်လာတဲ့အချိန်မှာ လမ်းဘေးအုတ်ခုံမှာ တဖွဲ့ကြီးထိုင်နေပြီး ကျမလမ်းလျှောက်လို့မရအောင်အထိ လိုက်စတာ ၅ ယောက်လောက်ရှိမယ်။ ပြီးတော့ ကျမခပ်တည်တည်လျှောက်တော့ အရှေ့မှာပိတ်ရပ်ပြီး စကားတခွန်းလောက်တော့ပြောပေးပါ ချစ်စရာကောင်းလွန်းလို့ဆိုပြီး လက်ဆွဲတယ် ကျမလည်းအတော်ဒေါသထွက်ပြီး စိတ်တိုတိုနဲ့ လွှတ်နော် တော်ရုံစော်ကားရင်ကျေနပ်တော့ အမတွေနှမတွေမရှိဘူးလားလို့ပြောတော့ စိတ်တိုပြီးမှ ရုပ်လှသလောက် လျှာကြမ်းမကြီးမစကြနဲ့ ကွာ အတော်စုတ်ပဲ့တာပဲလို့ဆိုပြီး ကျမမျက်နှာကိုကြည့်ပြီး တယောက်က ပြောတယ်။ အိမ်ပြန်ရောက်တော့ ကျမစိတ်ထဲမှာ မတင်မကျနဲ့ မခံချင်ဖြစ်ပြီး တောက်တခေါက်ခေါက်နဲ့ စော်ကားရန်ကောဆိုပြီး စိတ်တိုနေတာကို မိဘတွေနဲ့မောင်နှမတွေကို ပြောပြလိုက်တော့ နောက်နေ့ကစပြီး အဲဒီအချိန်ကို အပြင်မထွက်ရတာတို့ တယောက်တည်းမသွားရတာတို့ဖြစ်လာရော။ တယောက်မအားတာနဲ့ နောက်တယောက်ကလည်း မသွားရတော့ဘူး၊ လိုအပ်လို့သွားရင် အပြင်မှာ တခုခုအပြောခံလိုက်ရတာကို စိတ်ဆိုးပြီးပြန်ပြောပြတော့လည်း အစကတည်းက တယောက်တည်းမသွားနဲ့လို့ ပြောထားတာပဲဆိုပြီး ကိုယ့်ပေါ်မှာပဲ ပြန်ပြီးတင်းကျပ်လာတယ်လေ။

ဒါကြောင့်ကျမက ဥပဒေရှိစေချင်တာ၊ တကယ်တန်းဆို ဒီလိုလူတွေ ဒါမျိုး

• ၂၀၀၄ မေ (အင်တာဗျူး အမှတ် ၃၉)

မလုပ်ဘူးဆိုရင် ကျမတို့အနေနဲ့ ထိန်းချုပ်ခံရမှာ မဟုတ်ဘူးပေါ့။ ခုတော့ ဘာလုပ်လုပ် ကိုယ်ကပဲပြန်မှားနေသလိုဖြစ်နေတဲ့အဖြစ်အပျက်တွေ အများကြီးရှိနေတယ်။ ဥပဒေရှိသွားပြီဆိုတာနဲ့ သေချာကြပ်မတ်ပြီး အရေးယူဆောင်ရွက်လို့ရနိုင်တယ်။

ဥပမာ... ခိုးမှုဆိုပါတော့ သူခိုးက အိမ်ဖောက်ခိုးသွားတာကအပြစ် ကိုယ့်ပစ္စည်းမဟုတ်ဘဲနဲ့ သူများဟာ ယူတာလည်းခိုးတာဘဲ။ ကျမတို့ဒါကို ဥပဒေလုပ်ထားတယ်ဆိုရင် ကိုယ့်ဘာသာ အေးအေးဆေးဆေးလျှောက်သွားတာကို ထိခိုက်စော်ကားတာ၊ အိနြေ္ဒပျက်စေတာမျိုးကိုပြုလုပ်တာဟာ လုပ်ဆောင်သူအပြစ်ဖြစ်တယ်။ နောက်ကိုယ့်ဘာသာနေတတ်သလို နေထိုင်ဝတ်စားတာကို ကိုယ့်ကိစ္စမဟုတ်ဘဲနဲ့ တဖက်သားကိုနာကျင်အောင် ပြောတာကလည်း ပြုလုပ်သူအပြစ်ပဲ။ ဒါမျိုးကို မိန်းကလေးအချင်းချင်း၊ ယောကျ်ားလေးအချင်းချင်းပဲဖြစ်ဖြစ်၊ ယောကျ်ားလေးက မိန်းကလေးကိုပဲဖြစ်ဖြစ် ပြုလုပ်မိတယ်ဆိုရင် အဲဒါက ပြစ်မှုမြောက်တယ်ဆိုရင် ပြုလုပ်သူဟာ ပြစ်မှုကျူးလွန်သူပဲဖြစ်သွားတယ်။ ဒါကြောင့်ကျမအနေနဲ့တော့ ဥပဒေဆိုတာရှိသင့်တယ်လို့ ဆိုတာပါပဲ” အမျိုးသမီးတဦးမှဆွေးနွေးတင်ပြသွားပါသည်။

“ကျနော်ကတော့ ယဉ်ကျေးမှုတွေကို ညစ်ညမ်းစေတယ်ဆိုတာမျိုးကိုမဖြစ်စေချင်ဘူးဗျ၊ ဥပဒေမရှိဘဲနဲ့ သိက္ခာပိုင်းဆိုင်ရာတွေကို ကျင့်သုံးနိုင်အောင်လူ့အသိုင်းအဝိုင်းတခုလုံးက သင်ပေးတယ်ဆိုရင်ဖြစ်ပါတယ်။ ကိုယ်ထိလက်ရောက်မဟုတ်ဘူးဆိုရင်တော့ မရှိသင့်ဘူးပေါ့ဗျာ ... ဥပမာ... လက်ဆွဲတာတို့ တခုခုလက်ရောက်မှုကျူးလွန်တာပေါ့ဗျာ၊ ဒါမျိုးကတော့ ဥပဒေမှာလည်းရှိမယ်ထင်ပါတယ်။ ကျနော်က ဥပဒေအကြောင်းတော့ သိပ်မသိဘူး” ဟု အမျိုးသားတဦးမှလည်း ဆွေးနွေးတင်ပြသွားပါသည်။

“ဥပဒေ ရှိဖို့လိုမလိုဆိုတာတော့ ကျမမပြောတတ်ဘူး၊ ကျမဥပဒေအကြောင်းလည်းမသိလို့ပါ။ တကယ်လို့သာ အဲဒီ ဥပဒေ ဆိုတာကြီးက အမျိုးသမီးတွေအတွက် တကယ်လုံခြုံမှုပေးတယ်ဆိုရင် လိုအပ်တာပေါ့။ သူများကိုအပြစ်ပေးတာတွေ့ရင် ကျန်တဲ့သူတွေလည်း ဆင်ခြင်သွားမယ်ထင်တာဘဲ။ ဒါပေမဲ့ အဲဒီဥပဒေဆိုတာကြီးကို မကြောက်တဲ့လူရှိနေရင်တော့ ခက်မှာပဲ။ ကျမတို့အိမ်နားက ဦးလေးကြီးက အရက်ချက်တာလေ၊ သူကအရက်ချက်ခွင့်လိုင်စင်မရှိဘူးတဲ့။ အဖမ်းခံရမှာလည်းသိတယ်။ အဲဒါကိုသူကပြောတယ်၊ ဘယ်သူ့ကိုဖမ်းဖမ်း သူ့ကိုတော့ဖမ်းမှာ မဟုတ်ဘူးတဲ့၊ ဟုတ်လည်းဟုတ်တယ်၊ တခုခု

ဖြစ်လို့သွားကြည့်လိုက်ကြည့် အရက်မိုးချက်တဲ့သူတွေအားလုံး အလောတ ကြီးပဲ၊ ပစ္စည်းတွေဝှက်ကြ၊ သယ်ကြနဲ့ပေါ့၊ ဒါပေမယ့် စစ်တဲ့သူတွေကလည်း အဲဒီအိမ်ကိုကျော်ပြီး တခြားနေရာကိုပဲပိုစစ်တယ်။ သူနဲ့ကတော့ပြုံးလို့ပဲ၊ အဲ လိုသာ မျက်နှာလိုက်ပြီးစစ်တဲ့သူဆိုရင် ဘယ်လိုလုပ်မလဲ အဲဒီလူကြီးကပြော တယ်။ ဘာဥပဒေထုတ်ထုတ် ငါတွက်တော့ရတယ်တဲ့။ ဒါဆိုဥပဒေကြီးကရှိ တာပဲထား မိန်းကလေးတိုင်းအတွက် ကာကွယ်ပေးပါ့မလား ကျမတော့သိပ် မသိဘူး'' ဟူ၍ အမျိုးသမီးတဦးမှ စိုးရိမ်စွာ ဆွေးနွေးထားပြန်ပါသည်။

စသည့် ဥပဒေပိုင်းများနှင့်ပတ်သက်၍ လူ ၈ ဦးခန့်နှင့် ဝိုင်းသေးသေး လေးတွင် အမြင်တူသည့်သူများနှင့် မတူသည့်သူများအား ရောနှောတင်ပြ ထားပါသည်။ ဆွေးနွေးတင်ပြသူများ၏ အချက်အလက်များသည် စဉ်းစားသင့် သည့်အရာများသာဖြစ်ပါသည်။ မိမိအပေါ်တွင် တင်ပြထားသကဲ့သို့ ဥပဒေ ဆိုသည်မှာ ချိန်ခွင်လျှာကဲ့သို့ တည့်မတ်နေရမည်ဖြစ်သည်။ မျက်နှာကြီးငယ် လိုက်၍ မဖြစ်ပါ။

ဥပဒေအား စီရင်ပိုင်ခွင့်ရှိသူများသည်လည်း လူသားအချင်းချင်း အမြစ် ကျူးလွန်မှုဖြစ်လျှင် ဥပဒေအရ မည်သည့်ကိစ္စနှင့် ငြိစွန်းနေသည်ကို ဘက်မ လိုက်ပါဘဲ၊ ဆုံးဖြတ်ပါလျှင် တိုးတက်သော နိုင်ငံတခုဖြစ်လာမည်ပင်။ လူ့အ သိုင်းအဝိုင်းလုံခြုံမှုသာလျှင် နိုင်ငံတခုတိုးတက် လုံခြုံမည်ဖြစ်သည်။ ထိုအ ကြောင်းအရာနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ဥပဒေများအား တိကျသေချာမှု ရှိမရှိ (သို့မဟုတ်) လျော့ရဲနေခြင်းရှိမရှိကို သေချာဆန်းစစ်လေ့လာကြပါမည်။

## ၇။ မြန်မာနိုင်ငံ၏ ဥပဒေ

၃၇၆။ ။ မည်သူမဆိုမိန်းမတစ်ဦး၏ ကာယိန္ဒြေကို ပျက်စီးစေရန် အကြံဖြင့် သော်လည်းကောင်း၊ ကာယိန္ဒြေပျက်စီးတန်ရာသည်ကို သိလျက်နှင့်သော် လည်းကောင်း၊ ထိုမိန်းမကိုလက်ရောက်မှုကျူးလွန်လျှင် သို့မဟုတ် ရာဇဝတ်မှု ကင်းသော အနိုင်အထက်ပြုမှုကိုပြုလျှင် ထိုသူအား ၂ နှစ်အထိ ထောင်ဒဏ် တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ် ၂ ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*(စာမျက်နှာ ၁၂၄ ရာဇသတ်ကြီးဥပဒေ ၁၈၆၁ မေလ ၁ နေ့မှ ၁၈၆၂ ဧပြီ ၂၇ ရက်နေ့ထိ ပြင်ဆင်ထားသည့်အတိုင်း မြန်မာဘာသာပြန် ကော်မတီက ဘာသာပြန်ထားသည့်စာအုပ်မှ ကောက်နုတ်ချက်)*

**၅၀၉။** ။ မည်သူမဆိုမိန်းမတစ်ဦးဦး၏ ကာယိန္ဒြေကိုစော်ကားရန် ကြံရွယ်၍ ပြောဆိုခြင်းပြုသည်တွင် (သို့တည်းမဟုတ်) အသံပြုသည်တွင် (သို့တည်းမဟုတ်) ကိုယ်အမူအရာကို ပြသသည်တွင် ပြောဆိုသောစကားကိုဖြစ်စေ၊ ပြုသောအသံကိုဖြစ်စေ၊ ထိုမိန်းမအားကြားစေရန်ကြံရွယ်လျှင်၊ သို့တည်းမဟုတ် ပြုသောကိုယ်အမူအရာကိုဖြစ်စေ၊ ပြသောအရာဝတ္ထုကိုဖြစ်စေ၊ ထိုမိန်းမအားမြင်စေရန်ကြံရွယ်လျှင်၊ သို့မဟုတ် ထိုမိန်းမအား ကာယိန္ဒြေကို စော်ကားရန်ကြံရွယ်၍ ထိုမိန်းမ၏ ဆိတ်ကွယ်ရာသို့ ကျူးကျော်လျှင်၊ ထိုသူကို ၁ နှစ်အထိ အလုပ်မဲ့ထောင်ဒဏ်ကိုဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*(တမျက် ၁၈၁ ရာဇသတ်ကြီးဥပဒေ (၁၈၆၀ မေ) ၁၉၆၃ ဧပြီ ၂၇ ရက်နေ့အထိ ပြင်ဆင်ထားသည့်အတိုင်း မြန်မာဘာသာပြန်ဥပဒေ ကော်မတီ ဘာသာပြန်သည့်စာအုပ်မှ ကောက်နုတ်ချက်)*

ဤပုဒ်မများသည် မြန်မာနိုင်ငံ၏ လက်ရှိတည်ဆဲဥပဒေတွင် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

### ၈။ အမျိုးသမီး၏ ကာယိန္ဒြေကိုပျက်စီးစေခြင်း

မည်သည့်အသက်အရွယ်တွင်ရှိသည့် အမျိုးသမီးကိုမဆို ကာယိန္ဒြေကိုပျက်စီးရန် အကြံဖြင့်သော်လည်းကောင်း၊ ကာယိန္ဒြေကိုပျက်စီးစေမည်သိလျက်နှင့်ဖြစ်စေ၊ လက်ရောက်မှု သို့မဟုတ် အနိုင်အထက်ပြုမိက ရာဇသတ်ကြီးပုဒ်မ ၃၅၄ အရ ပြစ်ဒဏ်ထိုက်သင့်ကြောင်း အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

"မည်သူမဆိုမိန်းမတဦး၏ ကာယိန္ဒြေကိုပျက်စီးစေရန် အကြံဖြင့်သော်လည်းကောင်း၊ ကာယိန္ဒြေကိုပျက်စီးတန်စေရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ထိုမိန်းမကို လက်ရောက်မှုကျူးလွန်လျှင် သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုလျှင်ထိုသူအား ၂ နှစ်ထိ ထောင်ဒဏ်အမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ခုလုံးဖြစ်စေ ချမှတ်ရမည်"

အထက်ပါပြဋ္ဌာန်းချက်အရ မိန်းကလေးတဦးအား ကာယိန္ဒြေကိုပျက်စီးအောင် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ ဥပမာ... ဖက်နမ်းခြင်း၊ လက်ဆွဲခြင်း၊ ကိုယ်အင်္ဂါတနေရာရာကို

ကိုင်ခြင်းတို့ကို မည်သူမဆိုကျူးလွန်၍ ဤသို့ လက်ရောက်မှုကျူးလွန်ရာတွင် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုလည်းပါရမည်ဖြစ်သည်။ ဤသို့ ကာယိန္ဒြေပျက်မှုကို ပြုလုပ်ရာ၌ ပြုလုပ်ခံရသူ သဘောတူချက်မရှိဘဲ အနိုင်အထက်ပြုလုပ်မှသာ ထိုပြုလုပ်ချက်သည် ရာဇသတ်ပုဒ်မကြီး ၃၅၄ တွင် အကျုံးဝင်မည်ဖြစ်သည်။ တနည်းဆိုသော် မိန်းကလေးတဦး၏ သဘောတူညီချက် မရရှိဘဲ အနိုင်အထက်ပြုမှသာ ရာဇသတ်ကြီး ပုဒ်မ ၃၅၄ ဖြင့် အပြစ်ပေးနိုင်မည်ဖြစ်သည်။ အနိုင်အထက်မဟုတ်ဘဲ မိန်းကလေးကသဘောတူနေလျှင် ရာဇဝတ်ဖြစ်မှုမမြောက်ချေ။

မိန်းကလေးသည် အသက် ၁၂ နှစ်ကျော်သူဖြစ်ပါက ရာဇသတ်ကြီးပုဒ်မ ၉၀ အရ သဘောတူညီချက်ပေးနိုင်သည်ဟု မြန်မာနိုင်ငံတရားစီရင်ထုံးများ (တရားရုံးချုပ်) စာမျက်နှာ ၁၀၂၈ မောင်အုန်းမောင်နှင့်ပြည်ထောင်စု မြန်မာနိုင်ငံရာဇဝတ်အယူခံမှုတွင် ထောက်ပြထားပေသည်။ သို့ဖြင့် အသက် ၁၂ နှစ်အောက်မိန်းကလေးကို ကာယိန္ဒြေပျက်စီးအောင် ပြုမှုကျူးလွန်လျှင် သဘောတူချက်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ ရာဇသတ်ကြီး ပုဒ်မ ၅၃၄ ပါ ပြဋ္ဌာန်းချက်အရ ပြစ်ဒဏ်ထိုက်သင့်မည်ဖြစ်သည်။ အသက် ၁၂ ကျော်အရွယ်ဆိုပါက သဘောတူချက်ပေးလျှင်မူ အဆိုပါ ရာဇသတ်ကြီးပုဒ်မ ၃၅၄ အရ ပြစ်ဒဏ်ထိုက်သင့်မည် မဟုတ်ပေ။ သဘောတူချက်မပေးမှသာ ပြစ်ဒဏ်ထိုက်သင့်မည်ဟု မှတ်ယူရမည် ဖြစ်ပေသည်။ ဤအမှုမျိုးတွင် ရဲကဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရသည်၊ အာမခံပေးခွင့်ရသော်လည်း အမှုပြေငြိမ်းခွင့်မရပေ။

*(အထက်ပါအကြောင်းအချက်များသည် ရာဇဝတ်တရားသူကြီးဟောင်း၊ စာရေးဆရာ၊ ရွှေနေကြီး ဦးမြင့်အောင် (B.A..B.L,..D.E.P) ရေးသား ပြုစုသည့် မြန်မာ့အမျိုးသမီးဆိုင်ရာ ဥပဒေသိမှတ်ဖွယ်ရာများ စာအုပ်မှ စာ မျက်နှာ ၂၅ မှ ကောက်နုတ်တင်ပြချက်)*

ဤအကြောင်းအရာများနှင့်ပတ်သက်၍ အမျိုးသမီးများအား ကာယိန္ဒြေနှင့် ပတ်သက်၍ ရေးဆွဲထားသည့် ဥပဒေရှိနေသည်ကို တွေ့နိုင်သည်။ သို့သော် အသက် ၁၂ ကျော်အရွယ်ဆိုပါက သဘောတူချက် ပေးလျှင်မူ အဆိုပါ ရာဇသတ်ကြီးပုဒ်မ ၃၅၄ အရ ပြစ်ဒဏ်ထိုက်သင့်မည် မဟုတ်ပေဟု ရေးသားထားသည့်အကြောင်းအရာနှင့်ပတ်သက်၍ မိမိတို့အမျိုးသမီးများအားလုံးမှ စဉ်းစားသင့်သော အချက်ဖြစ်ပါသည်။ ၁၂ နှစ် အရွယ်အမျိုးသမီးငယ်သည် ဖြားယောင်းမှုဖြင့် သဘောတူညီချက်ပေးနိုင်ပါသည်။ သို့မဟုတ် သဘောတူ

ရမည်၊ မတူရမည်ကိုနားမလည်ဘဲ ကိုင်တွယ်ခံရမှုများကို ထိုကလေးငယ်မှာ မည်သို့နားလည်ပါမည်နည်း။ ဤနေရာတွင် သမီးငယ်တဦး၏ အသံကို နားထောင်နိုင်ရန် ထည့်သွင်းလိုက်ပါသည်။

"သမီးကိုကိုင်တာခံရဖူးတယ် သမီး ၁၃ နှစ်အရွယ် လောက်ကလေ၊ ၅ တန်း ၆ တန်းပေါ့ သမီးရင်သားတွေက နည်းနည်းထွက်နေပြီ အဲဒါအိမ်နီးချင်း အကိုကြီးက ငယ်ကတည်းကနေ သမီးကိုစာပြပေးလာတာ သမီးကိုတွေ့တိုင်းပဲ နီးနီးကပ်ကပ်လေးနေတယ်လေ သမီးမှတ်မိသလောက်ဆို အပျိုတော့မဖြစ်သေးဘူး၊ အဲဒီအကိုကြီးက သမီးရင်သားရှိတဲ့နေရာကနေပဲ သူ့လက်က အနောက်ကနေလှမ်းဖက်တယ်။ သမီးတို့နဲ့တခြားလူတွေရှိတာပဲ၊ ဘယ်သူမှ သတိမထားမိဘူး၊ ဒါပေမဲ့သမီးကို စာသင်နေတဲ့အချိန်ရောက်ရင် ချာတိတ်ကိုကိုကြီးဖက်လိုက်တာ စိတ်ဆိုးသွားသလားလို့မေးတတ်တယ်။ အဲဒါ သူသိရဲ့သားနဲ့တမင်တကာလုပ်တာကို သမီးကလည်းသိတယ်။ ဒါပေမဲ့ ရှက်တာနဲ့ ဟင့်အင်း စိတ်မဆိုးပါဘူးလို့ ပြောတာပေါ့၊ အဲဒါဆိုရင် သဘောတူတယ်လို့ခေါ်မလား" ဟု အသက် ၂၀ အရွယ်ရောက်သည်အထိ ဇဝေဇဝါ ဖြစ်နေသော ဤအမျိုးသမီးငယ်၏ အသံကို ထည့်သွင်း၍ ပြောလိုသည်မှာ ၁၂ နှစ် အရွယ် မည်ကဲ့သို့ဆုံးဖြတ်နိုင်ပါမည်နည်းဆိုသည်ကို ဝိုင်းစဉ်းစားရန် အချက်တချက် ပေးလိုက်ခြင်းဖြစ်ပါသည်။

ထိုမြန်မာနိုင်ငံ အမျိုးသမီးဆိုင်ရာ ဥပဒေသိမှတ်ဖွယ်ရာ စာအုပ်ထဲမှာ ပင်လျှင် စာမျက်နှာ ၁၀၈ တွင်လည်း ဤသို့ထည့်သွင်းဖော်ပြထားပြန်ပါသည်။

## (၂၂) မိန်းမတို့၏ ကာယိန္ဒြေကို စော်ကားရန် ရည်ရွယ်သော (သို့) ကိုယ်အမူ အရာဖြင့် ပြုလုပ်မှုပြုခြင်း

အမျိုးသမီးတဦးဦး၏ ကာယိန္ဒြေကို စော်ကားရန်ကြံရွယ်ချက်ဖြင့် ၎င်းအမျိုးသမီး မြင်စေရန် ကိုယ်အမူအရာဖြင့် ပြုလုပ်ပြသခြင်း၊ ၎င်းအမျိုးသမီးကြားစေရန် အသံပေးခြင်း၊ ၎င်းအမျိုးသမီး၏ privacy ဆိတ်ကွယ်ရာကို ကျူးကျော်ခြင်းပြုပါက ရာဇဝတ်ပြစ်ဒဏ်ကို ထိုက်သင့်စေကြောင်း ရာဇသတ်ကြီးပုဒ်မ ၅၀၉ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပေသည်။ "မည်သူမဆို မိန်းမတဦး၏ ကာယိန္ဒြေကို စော်ကားရန်ကြံရွယ်၍ ပြောဆိုခြင်းပြုသည်တွင် သို့တည်းမဟုတ်အသံပြုသည်တွင်၊ သို့တည်းမဟုတ် ကိုယ်အမူရာပြသည်တွင်၊ သို့မဟုတ် အမျိုးသမီးများအား အရာဝတ္ထုတခုခုပြသသည်တွင် ပြောဆိုသော စကားကိုဖြစ်စေ၊ ပြုသောအသံကိုဖြစ်စေ၊ ထိုမိန်းမအား ကြားစေရန်ကြံရွယ်

လျှင် သို့မဟုတ်ပြသောကိုယ်အမူအရာကိုဖြစ်စေ၊ ပြသောအရာဝတ္ထုကိုဖြစ်စေ၊ ထိုမိန်းမအားမြင်စေရန်ကြံရွယ်လျှင် သို့တည်းမဟုတ် ထိုမိန်းမ၏ ကာယိန္ဒြေကို စော်ကားရန်ကြံရွယ်လျှင် ထိုမိန်းမ၏ ဆိတ်ကွယ်ရာသို့ ကျူးကျော်လျှင်ထိုသူကို ၁ နှစ်ထိအလုပ်နှင့်ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂ ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

အထက်ပါပြဋ္ဌာန်းချက်ကို ဖေါက်ဖျက်ကျူးလွန်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရ အမှုကို အာမခံပေးခွင့်ရပြီး အမှုစွဲဆိုရာရုံးက ခွင့်ပြုလျှင် ပြေငြိမ်းကျေအေးခွင့်ရှိသည်။ ပြစ်မှုကျူးလွန်ခြင်းမှာ အများပြည်သူဆိုင်ရာ လမ်းပေါ်တွင်ဖြစ်ပါက ရာဇသတ်ကြီး ပုဒ်မ ၂၆၈ အရအများပြည်သူနှောင့် ယှက်မှုဖြင့် ရာဇဝတ်ပြစ်ဒဏ်ထိုက်စေနိုင်၍ အမူအရာပြခြင်း၊ စကားဖြင့်ပြောခြင်းမှ တဆင့်တက်ပြီး လက်ရောက်မှုပါလာလျှင်မူ ရာဇသတ်ကြီး ပုဒ်မ ၃၅၄ အရ မိန်းမ၏ ကာယိန္ဒြေကိုပျက်စီးစေရန် အကြံဖြင့် လက်ရောက်မှုကျူးလွန်ခြင်းဖြင့် ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်စေနိုင်ပါသည်။ အမျိုးသမီးနေအိမ် (သို့) အခန်းသို့ဝင်ခြင်းဖြင့် ဆိတ်ကွယ်ရာ privacy ကို ကျူးကျော်ခြင်းဖြစ်ပါက ရာဇဝတ်မကောင်းသော ကျော်နင်းမှုကို ကျူးလွန်ရာရောက်မည်ဖြစ်ပြီး ရာဇဝတ် ပုဒ်မ ၄၄၇ အရ ပြစ်ဒဏ်ထိုက်သင့်စေနိုင်ပါသည်။

ဥပမာ...အမျိုးသားတဦးဦးက အမျိုးသမီး၏ နောက်သို့တကောက်ကောက်လိုက်၍ ပြောင်လှောင်ခြင်း၊ အမည်ဖော်ထုတ်အော်ခြင်း၊ အသွားအလာပျက်၊ အနေခက်အောင် စိုက်ကြည့်ခြင်း၊ စသည်ဖြင့် ကာယိန္ဒြေပျက်စေလိုသောအကြံနှင့် ကျူးလွန်ပါက ဤပုဒ်မအရ ပြစ်ဒဏ်ထိုက်သင့်စေနိုင်မည်ဖြစ်သည်။

ထပ်မံရှင်းလင်းချက်နှင့် လက်ရှိအမျိုးသမီးများအတွက် ကာယိန္ဒြေနှင့် ပတ်သက်၍ ရှင်းလင်းထားသည့် အရာများကို ကြည့်ခြင်းအားဖြင့် အတွေ့အကြုံဖလှယ်ခဲ့ကြသည့် အမျိုးသမီးများ၏ ခံစားချက်သည် ဥပဒေနှင့်ပတ်သက်လျှင် ကျူးလွန်သူများ၏ ပြစ်မှုဖြစ်ကြောင်းထင်ရှားနေသောကြောင့် မိမိတို့ကြုံတွေ့လာပါက လက်တွေ့အသုံးချရန် နှောင့်နှေးမှုမရှိဘဲ ဥပဒေစည်းဘောင်တွင်းမှ လုပ်ဆောင်နိုင်သည့် လုပ်ဆောင်ချက်များ ဖြစ်လာရန်အတွက်အမျိုးသမီးတိုင်း တွေ့ကြုံခံစားချက်များကို လျစ်လျူမရှုဘဲ လုပ်ဆောင်နိုင်ရန်လိုအပ်သည်ဟု ပြောပြလိုပါသည်။ ထို့အပြင် ကျူးလွန်သူသာလျှင် ရှက်စရာကောင်းသည့်သူဖြစ်ပြီး ကျူးလွန်ခံရသူသည် ရှက်စရာကောင်းသူမဟုတ်ပါ။ ဖွင့်ဟခြင်းသည်

လူ့အသိုင်းအဝိုင်း၏ မှားယွင်းမှုများစွာကို ပြန်လည်ပြုပြင်ပေးနိုင်သည်ကို သတိချပ်သင့်သည်ဟု စကားလက်ဆောင်ပါးလိုပါသည်။

## ၉။ ကာယိကန္ဒြေထိခိုက်စေသည့် အကြောင်းအရင်းများအား သင်ကိုယ်တိုင် မှတ်တမ်းတင်နိုင်သည့်လမ်းညွှန်။

သင့်အား ကာယိကန္ဒြေထိခိုက်စေအောင် ပြုမူသောသူများအား စနစ်တကျ မှတ်တမ်းတင်ထားသင့်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည် ဥပဒေနှင့်ယှဉ်၍မိမိတို့တင်ပြထားနိုင်သည့် သည်ထက်သေချာကြောင်း အထောက်အထားအားဖြင့် တရားရုံးများတွင် အသုံးဝင်သကဲ့သို့ သင်၏ ခံစားမှုများအားလည်း ကာကွယ်နိုင်သည့်အပြင် မိမိအားနမှုနာထား၍ အခြားသော အမျိုးသမီးများ၏ ကာယိကန္ဒြေထိခိုက်စေနိုင်သော ပြုလုပ်မှုများကို ရပ်တန့်သွားအောင် လုပ်ဆောင်နိုင်ပါသည်။ အပေါ်မှအကြောင်းအရာများသည် ထိုကဲ့သို့ဖြစ်ချိန်တွင် ရေးသားပြုစုထားသောကြောင့် ဤအချက်အလက်များပေးလိုက်ပါသည်။

- **မိမိအခွင့်အရေးကို မိမိသိရန်လိုအပ်ခြင်း။** ။ ဆိုလိုသည့်သဘောမှာ ယခုစာအုပ်တွင် ကာယိကန္ဒြေပျက်ပြားစေခြင်းနှင့်ပတ်သက်၍ ဥပဒေရှိသည်ကို သိရှိထားပြီးဖြစ်သည်။ ထိုဥပဒေကို မည်ကဲ့သို့အသုံးပြုမည်ကို အသေးစိတ်လေ့လာရန်လိုအပ်ပါသည်။ ထို့ပြင်မိမိအား ကိုယ်စားပြုပေးနိုင်မည့်သူတဦးဦးအားချဉ်းကပ်ကာ မေးမြန်းထားဖို့လိုအပ်ပါသည်။ ဥပဒေအခြေခံသဘောတရားကို သိရှိထားခြင်း၊ အဓိပ္ပာယ်အားနားလည်ထားခြင်းနှင့် ဖြစ်ပျက်သည့် အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း မိမိမှ နားလည်ထားပြီး ထိုကိစ္စနှင့်ပတ်သက်၍ တွေ့ကြုံလာခဲ့သော အဖြစ်အပျက်များကို ရှင်းလင်းစွာ ပြန်လည်တင်ပြနိုင်ရန် အရေးကြီးသည်။
- **စကားပြန်ပြောခြင်းပြုလုပ်ပါ။** ။ မိမိမနှစ်သက်သည်ကို မနှစ်ကြောင်း ချက်ချင်းပြန်ပြောပါ။ ထိုသို့ပြောသည့်အခါတွင် အားနာသည့် အပြုံးပါမသွားစေရန် သတိထားရပါမည်။ မိမိအနေဖြင့် အားနာပြုံးဖြင့် တုံ့ပြန်လိုက်ပါက ပြုလုပ်သူအား ဆက်လက်ကျင့်သုံးခွင့်ပေးသကဲ့သို့ဖြစ်သွားမည်။ မာထန်စွာပြန်လည်ဆက်ဆံခြင်းမျိုးကို မဆိုလိုပါ။ ပြုလုပ်သူအား ဤအမူအကျင့်သည် မိမိအား စိတ်အနှောင့်အယှက်ဖြစ်စေသည်ဟူသော သဘောသက်ရောက်စေရန် တည်ငြိမ်စွာဖြင့် လေးလေးနက်နက် ပြန်ပြောပါ။

- **မှတ်တမ်းတင်သည့်အကျင့်ပြုလုပ်ပါ။** ။ သင့်အနေဖြင့် ကာယိကခြေထိခိုက်သည့် အခြေအနေမျိုး ကြုံလာသည့်အခါ သို့မဟုတ် တပါးသူမှ ကြုံသည့်အခါတွင် မှတ်တမ်းတင်ထားပါ။ ဘယ်ကဲ့သို့၊ ဘယ်ပုံ၊ သင်ခံစားခဲ့ပါသနည်း။ ထိုကဲ့သို့တွေ့ကြုံချိန် မျက်မြင်သက်သေဘယ်သူရှိပါသနည်း။ ရက်စွဲ၊ အချိန်၊ နေရာ အဖြစ်အပျက်များကို ရှင်းလင်းစွာ စနစ်တကျရေးသားထားရန်လိုပါသည်။
- **မိမိယုံကြည်သူတစ်ဦးကို ဖွင့်ပြောပါ။** ။ မိမိစိတ်တွင်း၌ ဖွင့်ပြောပြရန်ခက်ခဲလွန်းသည့် ပြဿနာကြုံတွေ့ပါက မိမိယုံကြည်သူတဦးအား ကြိုးစား၍ဖွင့်ပြောပြပါ။ ထိုအကြောင်းအရာများကို မေ့ပစ်လိုက်သည်ဆိုသည်ထက် မည်ကဲ့သို့ထိရောက်စွာ တရားဝင်နည်းလမ်းကျကျပြုလုပ်နိုင်မည်ကို ဆွေးနွေးပါ။ မိမိယုံကြည်သူသည် ထိုအကြောင်းအရာများနှင့်ပတ်သက်၍ သိမထားပါက ထိုသူနှင့်အတူ စုံစမ်းခြင်း၊ ချဉ်းကပ်ခြင်းများပြုလုပ်ရန် လိုအပ်ပါသည်။
- **စာရေးသားပါ။** ။ မိမိ၏ အဖြစ်အပျက်ကဲ့သို့ ဖြစ်ပျက်ခဲ့သူတဦးသည် အောင်မြင်သည့် နည်းလမ်းသုံးနိုင်သည်ကို သိထားလျှင် သို့မဟုတ် မိမိအဖြစ်အပျက်အားကိုင်တွယ်ဖြေရှင်းနိုင်သည့်သူရှိပါက ထိုသူအား စာရေးသား၍ အကြောင်းကြားပါ။ စာပါအကြောင်းအရာများကို ယဉ်ကျေးစွာဖြင့် တင်ပြတတ်ရန်လိုအပ်ပါသည်။ စာရေးသားတောင်းဆိုခြင်းသည် စကားဖြင့်ပြောခြင်းထက်ပို၍ ထိရောက်ပါသည်။ (နှုတ်တရာ၊ စာတလုံးဆိုသည့်အတိုင်း ကျင့်သုံးတတ်ရန်လိုအပ်ပါသည်။)
- **အမျိုးသမီးအဖွဲ့အစည်းများနှင့် ဆက်သွယ်ပါ။** ။ အကယ်၍ မိမိသည် ကာယိကခြေနှင့် ပတ်သက်၍ တွေ့ကြုံပါက အစီအရင်ခံစာများရေးသား၍ မိမိအားကူပြောပေးနိုင်မည့် အဖွဲ့အစည်းတခုခုအား ချဉ်းကပ်ပါ။ အမျိုးသမီးအသင်းအဖွဲ့များနှင့်ဆက်သွယ်၍လည်းကောင်း၊ အခြားကူညီပေးနိုင်မည့် အသင်းအဖွဲ့များနှင့် ဆက်သွယ်၍လည်းကောင်း၊ အစီရင်ခံစာများရေးသား၍ ဖြန့်ဝေသည့်အလုပ်ကိုလုပ်ခြင်းဖြင့် အခြားသူများအား နားလည်စေရန် လုပ်ဆောင်ပေးခြင်းတမျိုးဖြစ်သည်။ မိမိမှ ထိုအကြောင်းအရာနှင့်ပတ်သက်၍ တိုင်ကြားလိုပါကလည်း အချက်အလက်များ ပိုမို ပြည့်စုံနိုင်ရန် ထိုတပွဲ့ပွဲ့မှကူညီပေးလျှင် ပို၍တိကျစွာ ကျူးလွန်သူအား နည်းလမ်းတကျ အပြစ်ပေး အရေးယူခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။

- **ယုံကြည်မှုရှိပါ။** ။ အမျိုးသမီးများအနေဖြင့် မည်သည့်အရာ ကိုမဆို လုပ်ဆောင်တော့မည်ဆိုပါက မိမိကိုယ်ကို ယုံကြည်မှုကို အရင်ဆုံး တည်ဆောက်ထားနိုင်ရန် လိုအပ်ပါသည်။ အထက်ပါအကြောင်းအရာများအား ပြည့်စုံအောင်ပြင်ဆင်နိုင်မည့် အခြေခံအချက်မှာ ယုံကြည်မှုရှိရန် လိုအပ်ခြင်းပင်ဖြစ်သည်။ ယုံကြည်မှုသည် အမျိုးသမီးများအတွက်အရေး အပါဆုံးအခြေခံလိုအပ်ချက်ဖြစ်သည်။

## ၁၀။ ကာယိန္ဒြေထိခိုက်စေရန် လုပ်ဆောင်မှုများကြုံလာသောအခါ ပြန်လည်တုံ့ပြန်ခဲ့သည့် အမျိုးသမီးများ၏ အသံ

မည်သူမဆို ကာယိန္ဒြေထိခိုက်စေအောင် ပြုလုပ်ခံရသည့်အခါတွင် အပြန်အလှန်ပြောဆိုခြင်း၊ ဒေါသထွက်ခြင်းနှင့် တခါတရံပြန်လည်တုံ့ပြန်တတ်ပြီး တခါတရံတုံ့ပြန်မှုများမပြုလုပ်ဘဲ နှုတ်ဆိတ်နေခြင်းများ ပြုလုပ်တတ်သည်။ ပြန်လည် တုံ့ပြန်လျှင် ရှက်စရာဟု ထင်မြင်တတ်ပြီး မတုံ့ပြန်လျှင် အမှားကျူးလွန်တတ်သူအား အားပေးသကဲ့သို့ဖြစ်ပြီး ဆက်လက်ကျူးလွန်ရန် အခွင့်အရေးပေးသကဲ့သို့လည်းဖြစ်သည်။

ပြန်လည်တုံ့ပြန်မှုသည် ဒေါသဖြင့်ပြောဆိုမိပြန်လျှင်လည်း မိမိအတွက် စကားလုံးများစွာနှင့် ပြန်လှန်ထိုးနှက်ခံရတတ်ပြီး သူတပါးအမှားအား မိမိအမှားအသွင်သို့ဆောင်သည့် အနေအထားမျိုးဖြစ်သွားတတ်သည်။ ထိုကဲ့သို့မဖြစ်စေရန် မှန်ကန်သောနည်းလမ်းဖြင့် တုံ့ပြန်တတ်ရန်အတွက် နည်းလမ်းအချို့ကိုရစေရန် အမျိုးသမီးများဆွေးနွေးချက်အချို့အား ရေးသားဖော်ပြပေးထားပါသည်။ ဆွေးနွေးပေးခဲ့ကြသော စကားဝိုင်းတွင် အမျိုးသမီးများ၏ ခွင့်ပြုချက်မရှိသောကြောင့် အမည်နာမအား ဖော်ပြပေးခြင်းများ မပြုလုပ်တော့ပါ။

"ဥပဒေကိုသိထားသလောက်ဆိုရင်တော့ ကိုယ့်လက်ကိုဆွဲပြီးဆိုတာနဲ့ နီးစပ်ရာရဲကို ခေါ်ပြီးတိုင်ပေတော့၊ ဒါမှမဟုတ်ရင်လည်း ရပ်ကွက်လူကြီးကို တိုင်ရင်ကောင်းမယ် လက်ဆွဲတဲ့အထိကျူးလွန်ရင် ကြောက်နေလို့မရဘူး"

"လူတယောက်က ကိုယ့်ဘာသာကိုယ်နေတာကို လာမထိရင် မသိချင်ယောင်ဆောင်တာမျိုးထားရင် ကောင်းတယ်။ ပြောမယ်ဆိုရင် လျစ်လျူရှုထားတာမျိုးပေါ့၊ ဒါဆိုသူတို့ပဲအရှက်ရမှာ ဥပမာ ... ဘုရားက သူတရားကျင့်တဲ့အချိန်တုန်းက ပြောဖူးတာတခုရှိတယ်။ မာနတ်က ဘုရားတရားထိုင်နေတာကို

နှောင့်ယှက်တယ်။ ဒါပေမယ့် ဘုရားက သူ့တရားကိုဆက်ကျင့်နေတယ်။ အဲဒီတော့ မာရ်နတ်ကမေးတယ် သူဒီလို နှောင့်ယှက်နေတာကို ဘာမှမဖြစ်ဘူးလားတဲ့။ ဘုရားက မာရ်နတ်ကို ပြန်မေးလိုက်တယ်တဲ့ အကယ်၍ ကိုယ့်ကို တခုခု လာပေးတာကိုမယူရင် အဲဒီပစ္စည်းက ဘယ်မှာ ကျန်မလဲလို့ မေးတော့တယ်။ မာရ်နတ်က ပေးတဲ့သူဆီမှာပဲ ကျန်မှာပေါ့လို့ပြောတယ်တဲ့ဆိုတော့ အဲဒါပဲ။ ပြောချင်တာ မသိချင်ယောင်ဆောင်လိုက်ရင် အရှက်ရမှာက သူတို့ပဲလေ၊ အသဲတောင်ယားနေအုံးမှာလေ၊”

ဤနေရာတွင် အမျိုးသားတဦးကျမနှင့် စကားပြောစဉ်ပြောဖြစ်ခဲ့သော အကြောင်းအရာလေးကို ထည့်ပေးချင်ပါသည်။

“ကျနော်တို့မိန်းကလေးတွေကိုနောက်လို့ မိန်းကလေးတွေက ပြန်ပြောတာမျိုး၊ မျက်စောင်းထိုးတာမျိုး ဒါမှမဟုတ် တခုခု အမူအရာပျက်သွားတာမျိုးတွေ့ရင် စနောက်ရကျိုးနပ်တယ်လို့ထင်တာ၊ တချို့ကတော့ မသိချင်ယောင်ဆောင်သွားတယ်။ ဘာမှလည်း မဖြစ်သလိုပဲနေတယ်ဆိုရင် တကယ်အသဲယားတယ်။ ရှင်းရှင်းပြောမယ်ဆိုရင် စနောက်ရကျိုးမနပ်ဘူးပေါ့ဗျာ။ ဒီတော့ အမျိုးသမီးတွေကို အဲလို စနောက်ရင် မသိချင်ယောင်ဆောင်သွားတာမျိုးက တဖက်သားကို ခံရခက်တာမျိုးဖြစ်စေတယ်”

“ကျနော့်အမတွေအပြင်ထွက်ရင် ကျနော်လိုက်ပို့ပေးတယ်။ အဲဒီအချိန်ကျရင် လမ်းဘေးက ကောင်တကောင်က နောက်လိုက်ရင် ဘာပြောတာလဲဆိုပြီး ပြန်ခဲ့တာမျိုးပေါ့၊ အမကလည်း ကိုယ့်ကိုပြောသလိုနဲ့ သူတို့ကိုပြန်နှိပ်ကွပ်တာမျိုးရှိတယ်။ လာပါအဆင့်တန်းတူတာမဟုတ်ဘူး သွားပြန်ပြောမနေနဲ့ဆိုတာမျိုးပေါ့”

“ကျမက ဘတ်စ်ကားပေါ်မှာ လူတယောက်အရမ်းလာတိုးတာတို့ ထိတာတို့လုပ်တာတို့ ဆိုရင် အကြာကြီး စိုက်ကြည့်နေလိုက်တယ်။ တခြားဘတ်စ်ကားပေါ်က လူတွေပါ သတိထားမိအောင်လို့ပေါ့၊ အဲဒါတကယ်ထိရောက်တယ်၊ သူ့ကိုမျက်မှောင်ကျုံ့ပြီး စိုက်ကြည့်နေတော့ အဲဒီလူမနေတတ်တော့ဘူး၊ တခြားလူတွေကို ဘာဖြစ်တာလဲဆိုတာမျိုး သတိထားပြီး လိုက်ကြည့်ကြတယ်။ မျက်လုံးတွေ အရမ်းများလာတော့ အဲဒီလူရှက်သွားတယ်။ အရင်တုန်းက ကိုယ်နဲ့မှတ်တိုင်အတူတူဆင်းနေကျ။ အဲဒီနေ့က သူအရင်ဆင်းသွားတယ်၊ ဒီတော့အဲလိုကိစ္စမျိုးကြုံလာရင် လူတွေသတိထားမိအောင် ကြည့်အော်တာထက်တောင် ပိုပြီးထိရောက်သေးတယ်”

"မကောင်းတဲ့ အလုပ်ဆိုတာသိတယ်ဆိုရင် နိုးလုပ်ကြတာပဲ ယောက်ျား လေးတွေက အပွဲ့လိုက်ရှိမှုပိုရဲတာ တခါက ကျမကိုလက်ဆွဲလို့အော်လိုက်တာ ဒီမှာကျမလက်ကို ဆွဲလို့ဆိုပြီး ကုန်းအော်ပစ်လိုက်တာ သူတို့စုံစီနှပာ ဆဲဆို ပြီး ထွက်ပြေးသွားတယ် တခါတလေလည်း အဲလိုလုပ်ပေးမှရတာ"

"အော်တာက အန္တရာယ်တော့ဖြစ်နိုင်တယ် သူတို့ရှက်ရှက်နဲ့တုံ့ပြန် လိုက်မှာ၊ အခြေအနေပေါ်မှာတော့ မူတည်တယ်ပေ့ါ၊ တခါက ကျမတို့သူငယ် ချင်းတစု သူငယ်ချင်းတယောက်ကို လက်ဆွဲတဲ့ကောင် တယောက်တည်း လမ်းလျှောက်တာကိုစောင့်ပြီး လက်ဆွဲပြီးဘယ်သွားမလဲမေးတော့ လန့်သွား တယ်။ ကျမတို့လည်းအပွဲ့ကြီးဆိုတော့ သူလည်း လန့်သွားပုံရတယ်။ နောက် မှစကားနည်းနည်းပြောပေးလိုက်တယ်၊ ကိုယ့်ကိုလုပ်တာမကြိုက်ရင် သူများ ကိုလည်း အဲလိုမလုပ်နဲ့လို့လေ။ နောက်ပိုင်းအဲဒီကောင်ကျမတို့ရဲ့ လမ်းကနေ တောင် ဖြတ်လျှောက်မသွားရဲတော့ဘူး"

"ကျမကိုစော်ကားဖို့ ကြံတဲ့လူကြီးကို သူ့နှာခေါင်းကို ပြန်ကိုက်ပစ်လိုက် တာ ကျမတကိုယ်လုံးကို ထိန်းချုပ်ထားတဲ့ သူ့လက်ကနေလွှတ်လိုက်ရော၊ ကျမလည်းလွှတ်တာနဲ့ အိမ်မှာရှိနေသမျှလူကိုပြောတာ တရားစွဲမလို့လုပ်တာ ကို အဲဒီလူကြီးထွက်ပြေးသွားတယ်။ ပတ်ဝန်းကျင်ကတော့ ကိုယ့်မကောင်း ကြောင်း ပြောတာပေါ့နော်။ ဘယ်လိုနေမှန်းမှမသိတာ သူများတောင် ကြံစည် လိုက်တာပေ့ါ၊ ပတ်ဝန်းကျင်က ပြောတာနဲ့တောင် ကျမလဲသေချင်တယ်။ တ ကယ်ပဲ၊ ဒီတော့တရားရုံးကြီးက အဆုံးအဖြတ်က အရေးကြီးတယ်၊ ကိုယ့်နှာ မည်ကောင်းနေဖို့အတွက်က တရားရုံးမှာ အမှုမှာ တကယ်ကိုယ့်ကို ကြံစည် ပါကြောင်း ပြနိုင်မှထင်တယ်၊ ဒီတော့ ဖြစ်လာရင် တရားရုံးကို သွားသာသွား၊ ဒီကိစ္စမျိုးကို အပက်ပက်က ကြည့်ပြီးငြိမ်နေသင့်တာမျိုးမဟုတ်ဘူး"

ဤအပိုင်းတွင်အနည်းငယ်သော အမျိုးသမီးများသည် သတ္တိ၊ သတိဖြင့် ကြိုးစား၍ တတ်နိုင်သည့် နည်းလမ်းဖြင့်ပြန်လည်တုံ့ပြန်သည်ကို တွေ့ရှိနိုင် သည်။ ဤအကြောင်းအရာ အတော်များများသည် အမျိုးသားနှင့် အမျိုးသမီး ကြားကို ဦးစားပေးရေးသားထားသောကြောင့် အမျိုးသားများအပေါ်ထင်မြင် ယူဆထားသည့် အမျိုးသမီးများ၏ အခြေအနေကို သူမတို့၏ ပြောဆိုချက်အရ ထည့်သွင်းထားပါသည်။ သူမတို့၏ ခံစားချက်များ ပြန်ပြောသည့်အခါတွင် သုံး နှုန်းထားသော်လည်း ခံထားခဲ့ရသည့် အမျိုးသားများအပေါ်မှာသာ ထိုသို့ဖြစ် ပြီး ဝဲလုံးရည်နှင့်ရမ်းသည့် အမျိုးသမီးတဦးတလေပင် မပါသည်ကိုတွေ့ရသည်။

ဆိုလိုသည်မှာ အမျိုးသားတိုင်းမဟုတ်ဆိုသည်ကို နားလည်နေကြပါသည်။ အဘယ့်ကြောင့်ဆိုသော် အိမ်ထောင်သည်အတော်များများမှ ပြန်လည်ပြော ဆိုထားခဲ့ခြင်းကြောင့်ဖြစ်သည်။ မိမိတို့ပတ်ဝန်းကျင်နှင့် အခြားနိုင်ငံများ၏ ပတ်ဝန်းကျင်တွင် နေထိုင်ရသည့် အနေအထားများကိုပါ ပြန်လည်သုံးသပ်နိုင်ရန် အတွက် မိမိအနေဖြင့် ဘာသာပြန်အပိုင်းကို အင်တာနက်ပေါ်မှယူ၍ အခြားနိုင်ငံများက ကာယိန္ဒြေထိခိုက်စေခြင်းနှင့်ပတ်သက်သည့် ယူဆချက်လုပ်ဆောင် ချက်များအား ထည့်သွင်းပေးထားပါသည်။

## ၁၁။ ကာယိန္ဒြေနှင့်ပတ်သက်၍ မြန်မာ့အမျိုးသမီးသမဂ္ဂမှ အဆိုပြုတင်ပြချက်။

အထက်ပါအချက်အလက်များသည် အမျိုးသမီးများအတွက် တတ်နိုင်သလောက် နားလည်လွယ်စေရန်နှင့် လုပ်ဆောင်နိုင်ရန်နည်းလမ်းများအား ရှာဖွေပေးထားသော်လည်း အခြေခံအချက်အလက်သာဖြစ်ပါသည်။

အမျိုးသမီးများရော အမျိုးသားများပါ ကာယိန္ဒြေထိခိုက်စေခြင်းနှင့် ပတ်သက်၍ ရက်တို၊ ရက်ရှည်သင်တန်းများကို အစိုးရအနေဖြင့် အလေးထားစီစဉ်ဆောင်ရွက်ပေးခြင်း၊ လူထုအခြေပြု လူ့အဖွဲ့အစည်းမှလည်း ဤအကြောင်းအရာများသည် အလွန်အရေးကြီးသော အချက်တခုအနေဖြင့် သတ်မှတ်၍ ပညာပေးလုပ်ငန်းများလုပ်ဆောင်သွားရန်လိုအပ်သည့်အပြင် မိမိတို့ လူငယ်၊ လူကြီးများတို့မှလည်း ၎င်းတို့ဖြတ်သန်းရသော ဘဝအခြေအနေအား လက်ရှိလူငယ်နှင့်ကလေးများအား လက်ဆင့်ကမ်းရန်အရေးကြီးသည်။

သာမန်အဖြစ်အပျက်အဖြစ် သတ်မှတ်ထားသော ကာယိန္ဒြေထိခိုက်စေသောကိစ္စရပ်များသည် လူ့အဖွဲ့အစည်းတွင် ဥပဒေပညာလေ့လာသူနှင့် ပညာရှင်များမှလွဲ၍ ဤအကြောင်းအရာအား တည်ဆဲဥပဒေအဖြစ် တည်ရှိနေသည်ကို သိမနေသည်ကို တွေ့ရှိရပါသည်။ ဤသဘောမှာ ဥပဒေရှိနေသော်လည်း လူထုမသိနေလျှင် ထိုဥပဒေသည် လူထုအတွက် အသုံးဝင်လိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် အသိပညာပေးရေးလုပ်ငန်းသည် အလွန်အရေးကြီးကြောင်းတင်ပြရင်း လုပ်ဆောင်မည့် အဖွဲ့အစည်းများနှင့် အနာဂတ် အစိုးရအား ယခုမှစတင်၍ လုပ်ဆောင်သွားနိုင်ရန် တင်ပြထားခြင်းဖြစ်သည်။

မိမိတို့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖြစ်ပျက်ခဲ့သည့် အဖြစ်ပျက်အချို့

နှင့် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်နှင့် ဗဟုသုတအချို့အားပူးတွဲ၍တင်ပြထား ပါသည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ၊
ဖေဖော်ဝါရီ

# နောက်ဆက်တွဲအခန်း (၄) ဘာသာပြန်။

## ၁။ ကာယိန္ဒြေထိခိုက်စေခြင်းနှင့် ပတ်သက်၍ အခြားနိုင်ငံများမှ အမျိုးသမီးများ၏ အတွေ့အကြုံများ

ကာယိန္ဒြေထိခိုက်စေသော ကိစ္စရပ်များသည် မိမိတို့နိုင်ငံတွင်သာဖြစ်ပေါ်နေသည်မဟုတ် ကမ္ဘာတစ်ဝှမ်းရှိအမျိုးသမီးများသည် ၎င်းပြဿနာများနှင့် ရင်ဆိုင်နေရသည်ပင်။ မိမိ၏စာအုပ်အတွက် အသုံးဝင်မည့် အချက်အလက် ရှာဖွေရာတွင် အခြားနိုင်ငံမှအလားတူ ကိစ္စရပ်များဖြစ်ပေါ်နေသည်ကို ပြန်လည်၍ ဘာသာပြန်တင်ပြထားပါသည်။

ကျမက ကွန်ပျူတာဘာသာရပ်နဲ့ ဒုတိယနှစ်တက်နေတုန်းက ကျမတို့ လက်တွေ့ဝင်တဲ့ ကွန်ပျူတာခန်းမှာ စိတ်ညစ်စရာမကြာခဏကြုံတွေ့ခဲ့တယ်။ လက်တွေ့လုပ်ဆောင်မဲ့ ကွန်ပျူတာခန်းထဲ ဝင်သွားတာနဲ့ ကောင်လေးတွေ တအုပ်စုလုံး ကျမတို့ကျောင်းသူတွေသုံးတဲ့ ကွန်ပျူတာထဲကနေ ညစ်ညမ်းတဲ့ပုံတွေကိုထုတ်ပြီး အချင်းချင်းပြန်ပြကြတယ်။ ရယ်မောလှောင်ပြောင်ကြတယ်။ ပြီးတော့ ကွန်ပျူတာတွေတခုမကျန် မျက်နှာပြင်ပေါ်မှာချန်ထားပေးတယ်။ စားပွဲပေါ်မှာလည်း စာရွက်တွေနဲ့ လိုက်ကပ်တာမျိုးတွေ အတော်ဆိုးဆိုးဝါးဝါးပဲ အချိန်တွေကြာလာတော့ ဘယ်ခံနိုင်တော့မလဲ ကျောင်းအုပ်နဲ့တိုင်ရတယ်ပေါ့၊ နောက်ပိုင်းအဲဒီကျောင်းသားတွေကို အပြစ်ပေးပြလိုက်မှ တခြားကျောင်းသားတွေငြိမ်ကုန်တာ၊ ဒါပေမယ့် တခါက တမျိုးလေးတွေ ဖြစ်တာတွေရှိခဲ့ဖူးတယ်။ အဲဒီကောင်လေး ကျောင်းအုပ်နဲ့စကားပြောတဲ့အချိန်မှာ သူက ကျနော်တို့နိုင်ငံက လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ပိုင်ခွင့်တွေရှိတာပဲ ကျနော်က ဒီပုံတွေကို ပြချင်တယ်။ မကြည့်ချင်တဲ့သူတွေက မကြည့်နဲ့ပေါ့၊ တကယ်လို့သာ ကျနော်က တယောက်ယောက်ကို ကျနော်နဲ့အတူနေဖို့ပြောတာကို သူက ငြင်းခွင့်ရှိတာပဲ ကျနော်လည်းမေးခွင့်ရှိတာဘဲ။ အဲဒါ ဘာပြဿနာဖြစ်သွားတာလဲဆိုတာ ကျနော်နားမလည်ဘူး၊ ဒါကျနော်ကိစ္စပါ၊ သူတို့ကိစ္စလည်းမဟုတ်ဘူး၊ နားမထောင်ချင်ရင် မကြားချင်ယောင်ဆောင်လိုက်ပေါ့ဟု ဖြေရှင်းခဲ့သည်။

ကျမတို့ ဒုတိယနှစ် စာသင်နှစ်လယ်လောက်မှာ ကောင်လေးတယောက်က ကျမကို အတင်းလိုက်တယ်။ ကျမကတော့သူ့ကိုမကြိုက်ဘူး။ ကြည့်လို့လည်းမရဘူး။ သူကခဏခဏ ကျမကိုအပြင်ထွက်ဖို့ခေါ်တယ်၊ တရက်ကို ၃-၄

ခေါက်လောက်ပေါ့။ ကျမကလည်း မလိုက်ဘူးဆိုတာကို အကြိမ်ကြိမ်ပြန်ငြင်းရတော့ စိတ်အတော်ညစ်လာတယ်။

တရက်တော့ ကျမလည်း သူနဲ့ရုပ်ရှင်လိုက်ကြည့်ဖို့သဘောတူလိုက်တယ်။ ကျမသူ့ကို မကြိုက်ဘူးဆိုတာကို သူစိတ်ခတ်ကျသွားတဲ့အထိဖြစ်အောင် လုပ်ပြချင်တယ်။ ရုပ်ရှင်ရုံ ရောက်တော့ သူက ကျမကိုယ်တွေကို ကိုင်တွယ်လာတယ်။ ကျမလည်းသဘောမတူတဲ့ အကြောင်းကို မျက်နှာနဲ့ပြပြီး သူ့လက်ကို ပြန်တွန်းထုတ်လိုက်တယ်။ ဒီလိုနဲ့ရုပ်ရှင်ပြီးသွားတော့ ကျမလည်း ချက်ချင်းကျမအခန်းထဲကိုပြန်လာတယ်၊ ဒေါသဖြစ်လွန်းလို့သူ့ကိုလည်း ဘာစကားမှ မပြောဖြစ်တော့ဘူး။ အခန်းဖော်သူငယ်ချင်းကိုတော့ ကျမဖြစ်ပျက်ခဲ့သမျှကို ပြန်ပြောပြတယ် နောက်ပိုင်းတွေတော့ သူမနှောင့်ယှက်တော့ဘူးလို့ထင်လိုက်တယ်။

ဒါပေမဲ့ ကျောင်းခန်းထဲမှာ လာလာပြီး ကျမကို အပြင်ထွက်ဖို့ ထပ်ခေါ်နေပြန်သေးတယ်၊ ကျမလည်းမလိုက်ဘူး မကြိုက်ဘူးဆိုတဲ့အကြောင်းကိုပဲ ငြင်းရင်းပြောရင်းပေါ့။ တရက်တော့ ကျမတို့ ကျောင်းဆင်းချိန်မှာ ကျမကိုစောင့်ပြီး ကျောင်းနံရံနားမှာ တွန်းလိုက်တယ်။ သူ့လက်နှစ်ဖက်က ကျမကိုညှပ်ထားတယ် ပြီးတော့ပြောတာပေါ့၊ ငါသိတယ် နင့်မှာရည်းစားတယောက်မှလည်း ရှိတာမဟုတ်ဘူး၊ ငါအပြင်ခေါ်တာဘာလို့မလိုက်တာလဲ ဆိုပြီး အငြိုးကြီးကြီးနဲ့ ကျမကို ကိုယ်ထိလက်ရောက် စော်ကားလာတယ်။ သူ့မျက်နှာလည်းနီရဲပြီး အတော်ကြောက်စရာ ကောင်းလာတယ်၊ ကျမလည်းအတော်လန့်သွားပြီး ပါလာတဲ့သူငယ်ချင်းကို ရဲသွားခေါ်ခိုင်းတာ ကျမသူငယ်ချင်း ဖုန်းသွားဆက်တာသိမှ သူတို့လည်းကျမကို ထားခဲ့ပြီး ထွက်ပြေးသွားတယ်။ ရဲရောက်လာတော့ သူတို့လည်းမရှိတော့ဘူး။

ဒီကိစ္စနဲ့ပတ်သက်ပြီး အမျိုးသားက နောက်ပိုင်းရဲတွေကို ပြန်ပြီးဖြောင့်ချက်ပေးတာကတော့ ငါအမှားဘာတခုမှ လုပ်ထားတာမဟုတ်ဘူး၊ ကိုယ်ကြိုက်တဲ့မိန်းကလေးကို ကိုယ်အပြင်ထွက်ဖို့ခေါ်ခွင့်ရှိတာဘဲ။ သူကခေါင်းမာပြီး ကျနော်ကိုငြင်းနေတာ ဘာကြောင်းပြချက်မှလည်း ရှိတာမဟုတ်ဘူး၊ တယောက်ယောက်နဲ့တွဲနေ တယ်ဆိုရင်လည်း ကျနော်သူ့ကို လေးစားလိုက်အုံးမယ်၊ ခုတော့ သက်သက်ခေါင်းမာတာ၊ ကျနော်လည်း ဘာအမှားအယွင်းမှ လုပ်တာမဟုတ်ဘူး။ သူသိရမှာပေါ့ အခြေအနေကို သူကိုယ်တိုင်လည်း တည်တည်ငြိမ်ငြိမ်ရှိတာမဟုတ်ဘဲ အပြင်ထွက်ဖို့အတွက် ယဉ်ယဉ်ကျေးကျေးခေါ်နေတာကို

များ အလကားသက်သက်ဖြစ်နေတာ။

**သူ့ရဲ့အခန်းဖော်သူငယ်ချင်းပြောပြချက်မှာ ...**

ကျမက သူမနဲ့ ပထမနှစ်ကျောင်းတက်ကတည်းကနေ ခင်မင်ရင်းနှီးခဲ့တယ်၊ ကျမအခန်းဖော်လည်း သူပါပဲ။ သူက အရမ်းတော်တယ်။ ရည်မှန်းချက်ကြီးကြီးထားပြီး ကြိုးစားနေတဲ့အတွက်ကြောင့် ရည်းစားမထားပါဘူး။ သူကတော့ ငါ့ကိုယ်ငါတနေ့တည်ဆောက်နိုင်တဲ့အထိ နေလိုက်အုံးမယ်လို့ပြောပါတယ်။

ဒုတိယနှစ် စာသင်နှစ်လယ်လောက်မှာ အဲဒီကောင်ဖုန်းခဏခဏခေါ်ပြီးတော့ အပြင်ထွက်ဖို့ကိစ္စပြောတော့တာပါဘဲ သူမကလည်း မလိုက်ဘူးဆိုတာ ခဏခဏငြင်းနေတာကို တဖက်ကလည်း နားမလည်တော့ စိတ်အတော်ညစ်ညူးရတယ်။

နောက်ဆုံးတော့သူလည်းအပြင်လိုက်ထွက်မယ်၊ ပြီးတော့ငါမကြိုက်တဲ့အကြောင်းတွေ ပြောမယ်ဆိုပြီး လိုက်ထွက်သွားတယ်။ ဒီကောင်က သူ့ကိုစိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတာကို၊ သူမလည်း တယောက်တည်းသွားရဲတာမဟုတ်တဲ့အတွက် ကျမနဲ့ကျမရည်းစားလိုက်သွားတယ်။ ဒါပေမယ့် အဲဒီကောင်တော့မသိဘူး။ ကျမတောင် ရုပ်ရှင်ပြီးလို့ ကျမတို့အခန်းထဲပြန်သွားတော့ သူကရောက်နေပြီလေ အတော်လေးလည်း စိတ်တိုနေတယ်။ သူကတော့ နောက် ဖုန်းမခေါ်ဖို့ အကြောင်းကိုပြောပြီး စိတ်မဝင်းစားဘူးဆိုတာကိုပြခဲ့တယ်လို့ ပြောတယ်။ ဒါပေမဲ့ ထင်လားသူရပ်တန့်သွားလိမ့်မယ်လို့ ရှင်တို့ဆိုရင် ဟုတ်ရင်ဟုတ်မယ်။ ဒါပေမဲ့သူက အဲလိုမဟုတ်ဘူး၊ ဒါပေမယ့် ဒီကောင်ဖုန်းကိုပဲ အကြိမ်ကြိမ်ခေါ်နေတော့တာ ကြာလာတော့ ကျမတို့ ၂ ယောက်လုံးသူ့ကိုကြောက်လာတယ်။ ဒီလောက်စိတ်အနှောင့်အယှက်လုပ်တာတော့ မကောင်းဘူးပေါ့။ နောက်ပိုင်းတော့ ဘာလုပ်ရမှန်းမသိတာနဲ့ ရဲကိုပဲခေါ်တိုင်ရတော့တယ်။ ကျန်တဲ့နည်းလမ်းကျမတို့လည်း မစဉ်းစားတတ်တော့ဘူး၊ ဒီအဖြစ်အပျက်လေးကတော့ အမေရိကန် တက္ကသိုလ်တခုမှာ ဖြစ်ခဲ့တဲ့ အဖြစ်ပျက်လေးတခုပါ။

နောက်တခုတော့ အထက်တန်း ကျောင်းမှာ ဖြစ်တဲ့ အဖြစ်ပျက်ကို ပြောပြပါမယ်။ ကျမကျောင်းပြန်မသွားချင်လောက်အောင်ကိုဖြစ်နေတယ်။ ကောင်လေးတွေက သိပ်ယုတ်မာတာပဲ။ ကျမ ထမင်းစားခန်းကိုသွားတော့ ကျမကို

ယောက်ျားလျှာမ၊ ဟာသယ်မ၊ မိန်းမပျက်ဆိုပြီး အမျိုးမျိုးပြောကြတယ်။ ဒီထက် ရိုင်းစိုင်းလာတာက ကျမတိရစ္ဆာန်နဲ့အတူအိပ်၊ ကိုယ့်အကိုနဲ့လည်းအတူအိပ်တဲ့ မိန်းမလို့လည်းပြောတယ်။ နောက်တော့သူတို့နဲ့ လိင်ဆက်ဆံဖို့ ပြောလာတယ်။ ကျမလေရှက်လိုက်တာ။ မိန်းကလေးတွေဆိုရင် ကျမကိုစကားမပြောတော့ဘူး။ ဝေးဝေးကနေရှောင်သွားကြပြီ၊ ကျမသူငယ်ချင်းကို သူ့ရည်းစားက ပြောပြတာကို ကျမကို ပြန်ပြောပြတာကတော့ ယောက်ျားလေးအိမ်သာနဲ့ နံရံမှာ ကျမတိရစ္ဆာန်နဲ့ လိင်ဆက်ဆံနေတဲ့ပုံတွေ စာတွေကို ရေးပြီးကပ်ထားတယ်လို့ပြောတယ်။ ဒီလောက်ယုတ်မာသလားပဲ၊ ကျမကျောင်းသင်ခန်းစာတွေ စိတ်မဝင်းစားနိုင်တော့ဘူး၊ ဒီတော့ကျမစာမေးပွဲလည်းကျတယ်။ ကျမဟာ လူတယောက်အဖြစ်တောင် ရပ်တည်ချင်စိတ်မရှိတော့ဘူး၊

သူမသူငယ်ချင်းပြောပြချက်အရကတော့။ ။ ကျမရည်းစားပြောပြတာကတော့ ယောက်ျားလေးနံရံအိမ်သာမှာ ခုနက သူမပြောသွားတဲ့အကြောင်းတွေကို ရေးထားတယ်၊ သူတို့က အဲဒါကို တကယ်ယုံကြသလားတော့မသိဘူး။ အများအားဖြင့်သူမကို သူတို့စနောက်တတ်ကြတယ်။ သူတို့တွေစာအတိုကောက်တွေနဲ့ သူမအကြောင်းကိုရေးကြတယ်။ ဖုန်းခေါ်တာလည်းလုပ်တယ်။ နောက်အခန်းထဲမှာပဲဖြစ်ဖြစ် ထမင်းစားခန်းတွေမှာပဲဖြစ်ဖြစ် သူမနာမည်ကို ခေါ်နေတာမျိုးရှိတယ်။ ကျမလည်းသူနဲ့တွဲရမှာကို ကြောက်လာတယ်။ သူနဲ့လျှောက်သွားလိုက်တာနဲ့ သူ့လိုပဲပြန်ခံရတယ်ဆိုအတော်ကြောက်သွားတယ်။

ဤကိစ္စနှင့်ပတ်သက်၍ စိတ်ပိုင်းဆိုင်ရာ အကြံပေးသူတဦးက ဤသို့ပြောထားပါသည်။ ကျောင်းတွေမှာ ကာယိန္ဒြေပျက်ပြားအောင်ပြုခွင့်မရှိဘူးဆိုတာကို ကျမသိတယ်။ ဒါပေမယ့်အစိုးရကမှ ကောင်းကောင်းမပံ့ပိုးဘူးဆိုရင် ကျမလည်းဘယ်လိုလုပ်မလဲမသိဘူး၊ အမျိုးသားတွေဖက်ကလည်း လုပ်ထားတာကိုမဝန်ခံချင်ကြဘူး၊ ဒါကြီးကို တရားရုံးကို တရားသွားစွဲချင်လောက်အောင် သူတို့သွားကြမှာမဟုတ်ဘူး၊ ဒီအဖြစ်အပျက်မျိုးကို ပထမအကြိမ်လို့ပြောပေမယ့် အရင်နှစ်တုန်းကလည်း ဒါမျိုးကောင်မလေးတယောက် ဖြစ်ပြီးပြီ။ နောက်နှစ်မှာလည်း၊ နောက်တယောက်က ဖြစ်မလာနိုင်ဘူးလို့မပြော နိုင်ဘူး၊ ဒါပေမယ့် ဒီလိုအခြေအနေမျိုး ထပ်ဖြစ်လာအုံးမယ်ဆိုရင် ကျမလည်း ဘယ်လိုဆက်လုပ်ရမှန်းမသိအောင်ကို အကြပ်ရိုက်နေပြီ။

ထိုသို့သော အခြားနိုင်ငံကျောင်းသူလေးများတွင် တွေ့ကြုံခံစားနေရ

သည်ကိုကြည့်ပြီး မိမိတို့နိုင်ငံတွင် ဖြစ်ပျက်မှုများနှင့် ပြန်လည်နှိုင်းယှဉ်လျှင် အမျိုးသမီးများစိတ်ပိုင်းဆိုင်ရာ ခံစားချက်များသည် သိပ်ကွာခြားခြင်းမရှိသည်ကိုတွေ့ရှိနိုင်ပါသည်။ ဤအခြေအနေကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက အမျိုးသားများ၏ အမျိုးသမီးများအပေါ် သဘောထားအမြင်သည် ပြောင်းလဲမသွားပါပဲ ယခုကဲ့သို့ ဆက်လက်၍ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ အဖေ၊ သားတို့ လက်ဆင့်ကမ်းနေပါလျှင် ယခုပြဿနာများချုပ်ငြိမ်းသွားလိမ့်မည်မဟုတ်သည်ကို ထင်ရှားစွာမြင်နိုင်ပါသည်။ ထိုကဲ့သို့သောအဖြစ်အပျက်များကို အချို့နိုင်ငံတွင် ဥပဒေများချမှတ်၍ တင်းကြပ်စွာ လုပ်ဆောင်ပေးနေသည်ကို လေ့လာနိုင်ရန်ထည့်သွင်းပေးထားပါသည်။

## ၂။ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုမှု၊ ၁၉၆၄ ပြည်သူ့ရ ပိုင်ခွင့်အက်ဥပဒေတွင် ...

လိင်ပိုင်းဆိုင်ရာ အဓိပ္ပာယ် ... ၁၉၆၄ ပြည်သူ့ရပိုင်ခွင့်အက်ဥပဒေ အခန်း (၇) (Title VII of the civil Rights Act) တွင် အလုပ်ရှင်တစ်ဦးက တသီးပုဂ္ဂလလိင်ကိစ္စအတွက်ကြောင့် သူမ၏ နစ်နာကြေး၊ အလုပ်သက်တမ်း ကာလ၊ အခြေအနေများ (သို့) အလုပ်ခန့်ထားခြင်းဆိုင်ရာ အထူးအခွင့်အရေးများနှင့်စပ်လျဉ်း၍ လူတဦးတယောက်ကို ခွဲခြားဆက်ဆံခြင်းသည် ဥပဒေနှင့် မကိုက်ညီဟု ပြဋ္ဌာန်းထားသည်။

ထို့ပြင်အမေရိကန်နိုင်ငံမှ အလုပ်လုပ်ကိုင်ခွင့် တန်းတူညီမျှရေးကော်မရှင်မှ လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှုနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုလည်းလေ့လာနိုင်ပါသည်။

### လိင်ပိုင်းဆိုင်ရာစော်ကားနှောင့်ယှက်မှုကို ဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ ...

လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုဆိုသည်မှာ ဥပဒေဝေါဟာရဖြစ်ပြီး လုပ်ငန်းခွင်အတွင်း အမျိုးသမီးများအား အနှောင့်အယှက်ဖြစ်စေခြင်းနှင့် ခွဲခြားဆက်ဆံမှုကို ပပျောက်စေရန်ရည်ရွယ်၍ ပြဋ္ဌာန်းခြင်းဖြစ်သည်။ ဥပဒေပြဋ္ဌာန်းမှုနှင့် တရားရုံး ဆုံးဖြတ်ချက်များတွင် ၎င်းဝေါဟာရကို မကြာခဏပြန်လည်၍ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ချဲ့ထွင်ခြင်းများ ပြုလုပ်လေ့ရှိသည်။ ဥပဒေကြောင်းအရ

လိင် ပိုင်းဆိုင်ရာနှောင့်ယှက်စော်ကားမှုသည် လုပ်ငန်းခွင်ပြင်ပနှင့် ကျောင်းစာသင်ကျောင်း ပြင်ပခြေအနေများတွင် အကျုံးဝင်ပတ်သက်ခြင်းမရှိပေ။ လိင်ပိုင်းဆိုင်ရာ စော်ကားမှု၏ အခြေခံ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အမေရိကန်နိုင်ငံ "အလုပ်လုပ်ကိုင်ခွင့် တန်းတူညီမျှရေးကော်မရှင်" ( United stated equal employment opportunity commission EEOC) မှ ဖွင့်ဆိုထားခြင်း ဖြစ်သည်။

အခြေခံ အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ...

လိင်ပိုင်းဆိုင်ရာချဉ်းကပ်မှုနှင့်အခွင့်အရေးပေးရန် တောင်းဆိုမှုများကို လက်ခံသည့်အခါ (သို့) ငြင်းပယ်သည့်အခါတွင် ပုဂ္ဂိုလ်တဦးချင်း၏ အလုပ်ကို သိသာစွာဖြစ်စေ၊ (သို့) မသိမသာဖြစ်စေ ထိခိုက်နိုင်ပါသည်။ ထို့ပြင်လိင်ပိုင်းဆိုင်ရာသဘောပါဝင်သော ကိုယ်အမူရာ၊ နှုတ်အမူရာများသည် ပုဂ္ဂိုလ်တဦးချင်း၏ လုပ်ငန်းဆောင်ရွက်မှုအပေါ်ရန်လိုသော၊ ခြိမ်းခြောက်သော၊ စိတ်အနှောင့်အယှက်ဖြစ်စေသောအခြေအနေကို ဖန်တီးခြင်းလျှင် လိင်ပိုင်းဆိုင်ရာနှောင့်အယှက်မှုဖြစ်သည်။

အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ဖော်ပြထားသည်မှာ ...

လိင်ပိုင်းဆိုင်ရာစော်ကားမှုသည် အခြေအနေအမျိုးမျိုးတွင် ဖြစ်ပွားနိုင်သည်၊ အခြေအနေအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

- နှောင့်ယှက်ခံရသူသာမက နှောင့်ယှက်သူသည် အမျိုးသမီး(သို့)အမျိုးသားဖြစ်နိုင်သည်။ နှောင့်ယှက်ခံရသူနှင့် နှောင့်ယှက်သူနှစ်ဦးစလုံးသည် လိင်တူဖြစ်နိုင်သည်။
- နှောင့်ယှက်သူသည် နှောင့်ယှက်ခံရသူ၏ လုပ်ငန်းကြီးကြပ်သူ (သို့) အလုပ်ရှင်၏ကိုယ်စားလှယ် (သို့) အခြားလုပ်ငန်းခွင်တနေရာမှလုပ်ငန်းကြီးကြပ်သူ (သို့) လုပ်ဖော်ကိုင်ဖက်အချင်းချင်း(သို့) အလုပ်သမားမဟုတ်သူများလည်းဖြစ်နိုင်သည်။
- နှောင့်ယှက်ခံရသူသည် တိုက်ရိုက် နှောင့်ယှက်ခြင်းမဟုတ်ဘဲ စိတ်နှောင့်ယှက်ဖြစ်စေသော အပြုအမူများကြောင့် စိတ်ရှုပ်ထွေးမှုဖြစ်ရခြင်းသည်လည်း အကျုံးဝင်သည်။
- လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုသည် နှောင့်ယှက်ခံရသူ၏ စီးပွားရေးထိ

နိုက်မှု (သို့) အလုပ်မှထုတ်ပြစ်ခြင်းမခံရဘဲလည်း ဖြစ်ပွားနိုင်သည်။

- နှောင့်ယှက်စော်ကားသူ၏ အပြုအမူသည် မသင့်လျော်သော အပြုအမူသာ ဖြစ်သည်။

ပြည်နယ်အများစုတွင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုကို ဆန့်ကျင်သည့် ဥပဒေများရှိသော်လည်း ပြည်ထောင်စုဥပဒေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အနည်းငယ်ကွဲပြားသည်ကိုတွေ့ရသည်။ အဆိုပါ ဥပဒေမျိုး သင့်ပြည်နယ်အတွင်း ပြဋ္ဌာန်းထားခြင်းရှိမရှိကိုလည်း စစ်ဆေးကြည့်နိုင်သည်။

## ၃။ ဥပဒေအရ အသိအမှတ်ပြုလက်ခံထားသည့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု ပုံစံ ၂ မျိုးရှိသည်။

- အပေးအယူလုပ်သော လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု
- ရန်လိုသည့်ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသော လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုတို့ဖြစ်သည်။

**အပေးအယူလုပ်သော လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု ...**

အပေးအယူလုပ်သော လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုသည်၊ လူပုဂ္ဂိုလ်တဦးချင်းက လိင်ပိုင်းဆိုင်ရာ ချဉ်းကပ်မှုကို လက်ခံသည့်အခါ (သို့)ငြင်းပယ်သည့်အခါတွင် ဖြစ်ပွားတတ်သည်။ အလုပ်ခန့်ထားခြင်းဆိုင်ရာတွင်လည်းကောင်း၊ အလုပ်သက်တမ်းကာလ သတ်မှတ်ခြင်း (သို့) အလုပ်ခန့်ထားမှုဆိုင်ရာ ဆုံးဖြတ်ချက်တွင် လိင်ပိုင်းဆိုင်ရာသဘောပါသည့် အပြုအမူကို အခြေခံအချက်အဖြစ် အသုံးပြုလျှင် အပေးအယူလုပ်သော လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုပင်ဖြစ်သည်။

**အပေးအယူလုပ်သော လိင်ပိုင်းဆိုင်ရာနှောင့်ယှက်သည့်နည်းလမ်းများမှာ ...**

- စီးပွားရေးထိခိုက်ခံရမည်ဟု ခြိမ်းခြောက်ခြင်းသည် အပေးအယူလုပ်သော လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုဖြစ်သည်
- လိင်ပိုင်းဆိုင်ရာ ချဉ်းကပ်မှုသည် အလုပ်သမားအကျိုးခံစားခွင့်များကို အာမခံပေးခြင်းနှင့် ငြင်းပယ်ခြင်းတို့ဆက်စပ်နေလျှင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုဖြစ်နိုင်သည်။

- အလုပ်သမားကြီးကြပ်ရေးဌာနမှစတင်၍ အပေးအယူလုပ်သော လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုအတွက် တိုင်ကြားလာလျှင်တရားရုံးက တင်းကြပ်သောဥပဒေဖြင့် အလုပ်ရှင်များကို ဖမ်းဆီးချုပ်နှောင်နိုင်သည်။
- လက်အောက်ငယ်သားတဦးသည် အပေးအယူလုပ်ခြင်းကို လက်ခံခဲ့ပြီးသော်လည်း နောင်တွင် သူ(သို့)သူမ၏ စိတ်ပြောင်းပြီးသွားပြီးငြင်းပယ်လိုက်သည်ကို လက်မခံဘဲ ရှေ့ဆက်တိုးလျှင် အပေးအယူလုပ်သောလိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုအဖြစ်တရားစွဲဆိုနိုင်သည်။

ရန်လိုသည့်ပတ်ဝန်းကျင်ကိုဖန်းတီးသည့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုတွင် ပါဝင်သည့်အချက်များ

- လိင်ပိုင်းဆိုင်ရာအခွင့်အရေးပေးရန် ထပ်ခါထပ်ခါတောင်းဆိုခြင်း၊
- အခြားသူ၏ လိင်ပိုင်းဆိုင်ရာအား စုံစမ်းမေးမြန်းခြင်းနှင့် ရိုင်းပျခြင်း၊
- စော်ကားသော စကားလုံးအသုံးအနှုန်းများသုံးနှုန်းပြောဆိုခြင်း၊
- ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် လိင်ပိုင်းဆိုင်ရာအပြုအမူများပြုလုပ်ပြခြင်း (သို့) သိက္ခာချခြင်း၊
- လိင်ကို အသားပေးဖော်ပြသော သင်္ကေတများ၊ ကာတွန်းများ၊ ပြက္ခဒိန်များ၊ စာပေများ (သို့) ဓာတ်ပုံများကို နံရံများတွင် ပေါ်ပေါ်ထင်ထင် ပြသခြင်း၊
- စိတ်အနှောင့်အယှက်ဖြစ်စေသည့် ရိုင်းပျ (ညစ်ညမ်းသော) စာများ၊ ရုပ်ပုံများကို နံရံတွင်ရေးခြစ်ခြင်းတို့ဖြစ်သည်။

လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုနှင့် ပတ်သက်၍ ရန်လိုသောပတ်ဝန်းကျင်ကို ဖန်းတီးသည့်အတွက် အလုပ်ရှင်များတွင် တာဝန်ရှိကြောင်းအဆုံးအဖြတ်ပေးသည့် အခြေအနေ ၂ ရပ်ရှိသည်။

- အလုပ်ရှင်သည် နှောင့်ယှက်မှုအကြောင်းကို သိနားလည်ထားခြင်း (သို့) သိရှိထားသင့်ခြင်း၊
- အလုပ်ရှင်အနေဖြင့် သင့်တော်သည့် ပြုပြင်အရေးယူမှုပြုလုပ်ရန် ပျက်ကွက်ခြင်း၊

ရင်းအခြေအနေများမှာ ... လုပ်ငန်းကြီးကြပ်သူ (သို့) အမှုထမ်း (သို့) အလုပ်ရှင်ဖောက်သည်များ (သို့) လွတ်လပ်သည့် ကန်ထရိုက်တာများ၏ အပြု

အမှုများသည် ရန်လိုသောပတ်ဝန်းကျင် အခြေအနေကို ဖန်တီးနေသည်ကို အကယ်၍ အလုပ်ရှင်နေဖြင့် သိရှိသော်လည်း၊ ပြုပြင်ရန် ပျက်ကွက်လျှင် အလုပ်ရှင်အနေဖြင့် ဥပဒေအရ အရေးယူခံရနိုင်သည်။

အလုပ်ရှင်အနေဖြင့် ရန်လိုသောပတ်ဝန်းကျင်အခြေအနေနှင့်ပတ်သက်၍ သိရှိနိုင်သည့်အခြေအနေများမှာ ...

- အကယ်၍ စီမံခန့်ခွဲမှုကို မကျေနပ်၍ တိုင်ကြားခြင်း ...
- အကယ်၍ စီမံခန့်ခွဲမှုတွင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုကို ဆန့်ကျင်သည့် မူဝါဒများ ချမှတ်ရန်ပျက်ကွက်ခြင်း၊
- အကယ်၍ နှောင့်ယှက်မှုကို ပြောင်ပြောင်တင်းတင်း ကျင့်သုံးခြင်း (သို့) အဆိုပါကိစ္စသည် အလုပ်သမားများအကြားလူသိရှင်ကြားဖြစ်ခြင်း၊

အချို့ဖြစ်ရပ်များတွင် တရားရုံးများသည် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၏ ကိုအဓိပ္ပာယ်ဖွင့် ဆိုရန် အမျိုးသမီး၏ စံသတ်မှတ်ချက်များပေါ်တွင် ကျင့်သုံးသည်။ အဘယ့်ကြောင့်ဆိုသော် အမျိုးသမီးများသည် အမျိုးသားများထက် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို မကြာခဏ ခံကြရ၍ဖြစ်သည်။ အမျိုးသား အနည်းငယ်သာ လိင်ပိုင်းဆိုင်ရာစော်ကားမှုကို ခံရတတ်သည်။ ထို့ကြောင့် ၎င်းတို့အမျိုးသမီးများအပေါ်ပြုမှုကို အမျိုးသမီးများခံစားနားလည်သလို နားလည်ကြမည်မဟုတ်ပေ။

ထို့ကြောင့်တရားရုံးသည် ပြုလုပ်ခံရသူ၏ အမြင်ကို အခြေခံ၍ ယင်းအပြုအမူကို စီရင်ဆုံးဖြတ်သင့်ခြင်းဖြစ်သည်။ သို့သော်လည်း ယင်းသတ်မှတ်ချက်အပေါ် ဖေါက်ဖျက်မှုများအား တားဆီးရန်အတွက် တရားရုံးက "မျှတသော အမျိုးသမီး၏ စံသတ်မှတ်ချက်" Reasonable women standard ကို သတ်မှတ်ခဲ့သည်။ သို့သော် တရားရုံးအားလုံးသည် အဆိုပါ စံသတ်မှတ်ချက်ကို ချမှတ်ခြင်းမရှိပေ။

ထို့ပြင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုပုံစံများမှ ပို၍ ပြင်းထန်သော အကြမ်းဖက်မှုများဆီသို့ ဦးတည်နိုင်သည်ကို အမျိုးသမီးများက စိုးရိမ်ကြသည်။

## ၄။ အလုပ်သမား၏ ပြုမူဆောင်ရွက်မှုအတွက် အာမခံချက်ပေးထားသည့် အချက်များမှာ

- ခုခံရန်လမ်းဖွင့်ပေးခြင်း၊
- လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုအတွက် တိုင်တန်းမှုကို မှတ်ပုံတင်ခြင်း၊
- အခြားအလုပ်သမားတဦး၏ နစ်နာကြေးတောင်းဆိုမှု(တင်ပြမှု)ကို ထောက်ခံအားပေးခြင်း၊
- သပိတ်မှောက်၍ ဆန္ဒပြခြင်း၊
- ဥပဒေပြဌာန်းခွင့်ရှိသည့် အာဏာပိုင်များသို့ အကြောင်းကြားအစီရင်ခံခြင်း၊

လက်တုန့်ပြန်မှုတွင် ပါဝင်သည့်အချက်များမှာ ...

- အလုပ်မှထုတ်ပစ်ခြင်း
- ရာထူးအဆင့်လျော့ချခြင်း
- နေရာပြောင်းရွှေ့ခြင်း
- အပျက်သဘောဆောင်သည့် သုံးသပ်ချက်ချမှတ်ခြင်း

လက်တုန့်ပြန်ခြင်းကို တင်ပြတောင်းဆိုရန်အတွက် အလုပ်သမားတဦး၏ ပြုမူဆောင်ရွက်မှုနှင့် လက်တုန့်ပြန်မှု ၂ ခုအကြားတွင် ဆက်သွယ်မှုကို တည်ဆောက်ရမည်ဖြစ်သည်။

## ၅။ သတင်းအချက်အလက်များရရှိနိုင်သည့်လမ်းညွှန်။

ယခုအခါတွင် လိင်ပိုင်းဆိုင်ရာစော်ကား နှောင့်ယှက်မှုနှင့် ပတ်သက်၍ အကျယ်တဝင့်သိစေရန်၊ လွယ်ကူသောနည်းလမ်းများဖြင့် ရှာဖွေနိုင်ရန်၊ အင်တာနက်များအသုံးပြုခြင်းအားဖြင့်လည်း အတင်းအချက်အလက်များရရှိနိုင်သည်ကို အင်တာနက်စာမျက်နှာဖွင့်နေသည့် အမျိုးသမီး၏ ပြောပြချက်မှာ ...

၁၉၉၅ ခုနှစ်တွင် ကျွန်မသည် လိင်ပိုင်းဆိုင်ရာစော်ကားမှုသတင်းအချက်အလက်များကို လိင်အခြေပြုသော ကွဲပြားခြားနားသော (Gender) နှင့် ဆက်နွယ်သော သင်ရိုးညွှန်းတမ်းအတွက် ဖြည့်စွက်ချက် (အချပ်ပို) အနေဖြင့် အင်တာနက်စာမျက်နှာတခုကို ပြုလုပ်ခဲ့ပါသည်။

အဆိုပါ အင်တာနက်စာမျက်နှာသည် လူသိများလာပါသည်။ ကျမ

အနေဖြင့် သတင်းအချက်အလက်များကို ပုံမှန်တင်ပြခဲ့ပါသည်။ ၁၉၉၅ ခုနှစ်မှစ၍ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုအကြောင်းကို ယေဘူယျနားလည် လက်ခံထားမှုနေရာမှ ကြီးမားသော အပြောင်းအလဲများ အစားထိုးနေရာယူလာခဲ့သည်။ အင်တာနက်မှလည်း သတင်းအချက်အလက်များကိုရယူနိုင်လာသည်။ ယခုအချိန်တွင် ကျောင်းများတွင်သာမက အလုပ်ခွင်များတွင်ပါ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုအပေါ် နားလည်လက်ခံမှုသည် ပိုမိုကျယ်ပြန့်လာပြီး အကျိုးသက်ရောက်မှုများ ပိုမိုကြီးမားလာသည်။ စီးပွားရေးလုပ်ငန်း ကုမ္ပဏီကြီးများတွင် အကြောင်းအရာခေါင်းစဉ်များကို အလေးအနက်ရွေးချယ်ကြပြီး အလုပ်သမားများအတွက် သင်တန်းများကို စီစဉ်ပေးကြသည်။ ကုန်သွယ်မှုနှင့်ဆိုင်သည့် ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများသည် မန်နေဂျာများနှင့် အလုပ်သမားများအတွက် သင်တန်းများပေးရန် ကမ်းလှမ်းလာကြသည်။ အင်တာနက်စာမျက်နှာများတွင် သတင်းအချက်အလက်များ၊ ရလဒ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း ကမ်းလှမ်းသည့်ကြော်ငြာ စာမျက်နှာများဖြင့် ပြည့်နှက်နေသည်။

တချိန်တည်းမှာပင် နှစ်စဉ်နှစ်တိုင်း ပြည်သူအများအပြားသည် ၎င်းတို့ကိုယ်တိုင် (သို့) ၎င်းတို့ကလေးများ လုပ်ငန်းခွင်အတွင်း (သို့) ကျောင်းတွင် ကျူးလွန်ခံရသည့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုအကြောင်း စတင်သတိပြုမိလာကြသည်။ သို့သော်လည်း လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုအကြောင်း ယေဘူယျသတင်းအချက်အလက်များ လိုအပ်နေဟန်ရှိသည်။ ယင်းကြောင့် ထိုအင်တာနက်စာမျက်နှာကို ကျမ၏ ပညာရှင်ဆန်သော အလုပ်ကို ရပ်ဝေးဒေသဆက်သွယ်ရေးလုပ်ရှားမှုအဖြစ်နှင့် ဆက်လက်ထိန်းသိမ်းသွားရန် ဆုံးဖြတ်ချက်ချခဲ့သည်။

သို့သော်လည်း အဆိုပါ အင်တာနက်စာမျက်နှာကို ဖတ်ရှုသူများသည် ကျမသည် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု အကြောင်းကျွမ်းကျင်သည့် ပညာရှင်တယောက်မဟုတ်ကြောင်းကို သတိထားသင့်ပါသည်။ ကျမကျွမ်းကျင်မှုမှာ အဟောအပြောဆက်သွယ်ခြင်းနှင့် ပတ်သက်သော စည်းမျဉ်းများသာဖြစ်ပါသည်။

ကျမအနေဖြင့် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုအကြောင်းကို ကျွမ်းကျင်သူများက ကျမ၏ အင်တာနက်စာမျက်နှာသို့ပေးပို့သည့် သတင်းအချက်အလက်များကို စုဆောင်းခြင်းသာ ပြုလုပ်ပါသည်။ ကျမ၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည့် သတင်းအချက်အလက်များနှင့်ပတ်သက်၍ ရေးသား

ပေးပို့လာသော မူပိုင်ခွင့်ဆိုင်ရာ ခွင့်ပြုချက်ကို ရရှိထားပါသည်။

ကျွမ်း၏ အကောင်းဆုံး အသိပညာနှင့် ယုံကြည်မှုအရ အင်တာနက်စာမျက်နှာပေါ်ရှိ သတင်းအချက်အလက်များသည် မှန်ကန်တိကျပြီး၊ ပုံမှန်ဖြည့်စွက်နေသော အချက်အလက်များဖြစ်သည်။ သို့သော်လည်း ကျွမ်းအနေဖြင့် တိကျသော ဖြစ်ရပ်များနှင့် သက်ဆိုင်သည့် ဥပဒေအကြောင်းဆိုင်ရာ မေးခွန်းများကို ဖြေဆိုရန် (သို့) လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုအကြောင်းနှင့်ပတ်သက်၍ အကြံဉာဏ်ပေးရန် တောင်းဆိုလာမှုများအတွက် အရည်အချင်းမပြည့်စုံသေးပါ။

မိမိ၏ ရည်မှန်းချက်ပန်းတိုင်မှာ လက်ရွေးစင်မှတ်တမ်းမှတ်ရာများ၊ အချက်အလက်များနှင့် အရင်းအမြစ်များကို ထောက်ပံ့ပေးရန်ဖြစ်ပြီး စာဖတ် ပရိသတ်အနေဖြင့် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုအကြောင်းနှင့် ပတ်သက်၍ ဘက်ပေါင်းစုံမှရှုမြင်သော အယူအဆများကို စမ်းသပ်လေ့လာနိုင်ရန်အတွက်ဖြစ်သည်။ ကျွမ်းအနေဖြင့် သတင်းအချက်အလက်များကို စာဖတ်ပရိသတ်ထံ ပေးပို့ခြင်းသည် လိင်ပိုင်းဆိုင်ရာ စော်ကားမှုအကြောင်းကို ဥပဒေအရ အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို လေ့လာခြင်းထက် ပို၍ အထောက် အကူဖြစ်စေမည်။ အလုပ်ရှင်နှင့် ၎င်းတို့၏ ကိုယ်ပိုင်ဘဝများတွင် ပို၍ အဆင်ပြေပြေနှင့် ထိထိရောက်ရောက် ဆက်ဆံတတ်သူများ ဖြစ်လာမည်ဟု မျှော်လင့်ပါသည်။